ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-12-2008) (၅၉၀၂)

**ဒါနဉ္စ တော် မင်္ဂလ မုတ္တမံ**

အလှူပေးရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် မြိတ်မြို့ မြိတ်ဘူတာမှ သမုတ်မြစ်ကူးတံတားတည်ဆောက်ရန် လမ်းအူကြောင်းမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး သမုတ်မြစ်ဘေးရှိ Sea Week ပင်လယ်ရေမျော် ကုမ္ပဏီလုပ်ငန်းခွင်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြိတ်မြို့နယ် ပဆွတ်ကျေးရွာအုပ်စု မရမ်းပင်ချောင်းကျေးရွာရှိ ဦးအောင်လင်း၏ ဧက ၃၂၀ ရော်ဘာစိုက်ခင်းနှင့် ပုလောမြို့နယ် ဘုတ်ခြံကျေးရွာရှိ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၁၀ဧက ဆီအုန်းစံပြစိုက်ခင်းတို့ကိုလည်းကောင်း၊ ဘုတ်ခြံကျေးရွာရှိ ထားဝယ်-မြိတ်ရထားလမ်း အူကြောင်း၊ မြိတ်မြို့နယ် မီးလောင်ချောင်းကျေးရွာ၌ မီးလောင်ချောင်းတံတားနှင့် မီးလောင်ချောင်းဘူတာ တည်ဆောက်ရန်နေရာ ပဏာမရွေးချယ်ထားမှုနှင့် ပုလောမြို့နယ် တပိုကျေးရွာ၌ တပိုဘူတာ တည်ဆောက်ရန် နေရာရွေးချယ်ထားမှုတို့ကိုလည်းကောင်း ကြည့်ရှုသည်။

ယင်းနောက် ပုလောမြို့နယ် ပလရွာရှိ အောင်စကြာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားဖြန့်ဝေရေးလုပ်ငန်း ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နေမှုကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁




**သတင်းဆောင်းပါး**
**ဇော်ဝင်း(ကြေးမုံ)**

**ဓာတ်ပုံ**
**ခင်မောင်ဝင်း(ကြေးမုံ)**

မိုးနှောင်းလွန်ကာလ နံနက်ခင်းအလင်းရောင်အောက်တွင် မုံရွာ-မန္တလေး ကားလမ်းမသည် မည်းနက်တောက်ပြောင်လျက်ရှိသည်။ မုံရွာမြို့မှအထွက် မအူရွာ ကျော်သည်နှင့် ဝင်းမှည့်စပြုနေသော မိုးစပါးခင်းများကို လမ်းဘေးဝဲယာတစ်လျှောက် တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ဆောင်းဦးနံနက်ခင်းဖြစ်၍ အပူချိန်က နေထိုင်ကောင်းရုံသာရှိသည်။ ကားလမ်း၏လက်ဝဲဘက် အတော်ဝေးဝေးတွင် မှိုင်းပျပျတောင်ကြောတစ်ကြောက လမ်းနှင့်အပြိုင်။ ကားက လမ်းဝဲဘက်သို့ ချိုးကွေ့သွားသည်။ လမ်းညွှန်ဆိုင်းဘုတ်ငယ်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရသည်။ ဗောဓိတစ်ထောင်သို့ ငါးမိုင်။

အတွင်းသို့အနည်းငယ် ခရီးပေါက်သည်နှင့် ဗောဓိတစ်ထောင်ကို လှမ်း၍မြင်တွေ့လိုက်ရသည်မှာ ကျေနပ်စရာပင်။ ကြေးမုံသတင်းအဖွဲ့၏ စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို သတင်းမှတ်တမ်းပြုနိုင်ရေးခရီးစဉ်တွင် မုံရွာမြို့နယ် ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင်တောင်ကြော စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုများကို လေ့လာရေးခရီးသည် ဤနေရာမှ စတင်ခဲ့ပြီဖြစ်သည်။

ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင်တောင်ကြောအခြေတွင်ရှိသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပျိုးဥယျာဉ်အတွင်းသို့ ဦးစွာရောက်ရှိခဲ့သည်။ ကြေးမုံသတင်းအဖွဲ့အား အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မုံရွာခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းနှင့် မုံရွာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းတို့က ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင် ကာကွယ်တောနှင့် ဗောဓိတစ်ထောင်နယ်မြေ စိမ်းလန်းစိုပြည်ရေး စီမံချက်တို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

> **ဗောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရာတွင် အဓိက ရေအရင်းအမြစ်ဖြစ်သည့် ဗောဓိဆည်၏ မြင်ကွင်းတစ်စိတ်တစ်ဒေသကို ဤသို့တွေ့ရသည်။** *(အပေါ်ပုံ)*

လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင်တောင်ကြောသည် မြောက်မှ တောင်သို့ ခုနစ်မိုင်ရှည်လျားပြီး အရှေ့မှအနောက်သို့ သုံးမိုင်ခန့်ရှိကြောင်း၊ ဤတောင်ကြောတွင် အမြင့်ဆုံးတောင်မှာ ကျောက္ကာတောင်ဖြစ်ပြီး ၁၂၆၂ ပေမြင့်ကြောင်း၊ မြေအမျိုးအစားအားဖြင့် အပေါ်ယံမြေသားမှာ ကျတ်တီးမြေ၊ သဲနုသဲကျောက်မြေများဖြစ်ပြီး အောက်ခံမြေသားမှာ သက်ရင့်သဲကျောက်များဖြင့် ဖွဲ့စည်းတည်ရှိပြီး တောင်တန်းဆင်ခြေလျှော လျှိုမြောင်နှင့် ချောင်းငယ်များတည်ရှိကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင် ကာကွယ်တောသည် မုံရွာမြို့နယ်တွင် ဧက ၁၄၀၂၀နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၃၉၀၀ စုစုပေါင်း ဧက ၁၇၉၂၀ ရှိကြောင်း၊ အပူပိုင်းတောခြောက်ဖြစ်ပြီး သဘာဝပေါက်ပင်များမှာ သန်း၊ ဒဟတ်၊ ထောက်ကြံ့၊ အင်ကြင်း၊ ဆူးဖြူ၊ ရှား၊ ထနောင်း၊ ဆီးဖြူ၊ တရော်နှင့် ဘိန်းနွယ်တို့ပေါက်ရောက်ကြောင်း၊ မုံရွာခရိုင်မှာ မိုးနည်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❂

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

The Mirror

၂၄-၁၂-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

# အရည်အသွေးမြင့်ပဲများ တိုးချဲ့စိုက်ပျိုး ပဲမျိုးစုံဈေးကွက်သို့ ချိတ်ဆက်တင်ပို့

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်သည့်အလျောက် စပါး၊ ဂျုံ၊ ပြောင်းစသည့် နှံစားသီးနှံများ၊ နှမ်း၊ မြေပဲ၊ နေကြာစသည့် ဆီထွက်သီးနှံများ၊ ဝါ၊ ဂုန်လျှော်၊ ကြံ စသည့် စက်မှုကုန်ကြမ်းသီးနှံများနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးလျက်ရှိသည်။

ပဲမျိုးစုံသည် ပရိုတိန်းအာဟာရဓာတ် ကြွယ်ဝသည့်အတွက် အခြေခံစားကုန် ဆန်၊ ဂျုံတို့နှင့်အတူ စားသုံးမှုနှင့် ဝယ်လိုအား တိုးတက်နေသည့် သီးနှံမျိုးဖြစ်သည်။ လူတိုင်း ပဲကို နေ့စဉ်စားသုံးခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် ကိုယ်ခန္ဓာကြီးထွားမှုအတွက် အာဟာရဓာတ်အပြည့်အဝရရှိနိုင်သည်။

ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်ရှိသည့် မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် စိုက်ပျိုးကြသည်။ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အဓိက စိုက်ပျိုးလျက်ရှိသည်။ မန္တလေးတိုင်းတွင် ပဲပုပ်ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီး မတ္တရာ၊ မြင်းခြံ၊ ငါန်းဇွန် မြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးသည်ကိုတွေ့ရသည်။

မြန်မာ့ပဲမျိုးစုံသည် ဈေးကွက်ရှိသဖြင့် တိုးမြှင့်တင်ပို့နိုင်ရုံသာမက ဈေးကောင်းရရှိရေးအတွက် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။ ပဲဈေးကွက်သို့ အရည်အသွေးမြင့် ပဲမျိုးများ တင်ပို့နိုင်ရေးအတွက် တိုးချဲ့စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲရမှုနည်းသည့် ပဲမျိုးများ စိုက်ပျိုးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ပဲမျိုးစုံ အဓိကတင်ပို့နေသည့် တရုတ်-မြန်မာ နယ်စပ်တွင် နိုဝင်ဘာလမှစ၍ ပိုမိုတင်ပို့လာနိုင်လျက်ရှိပြီး ရေကြောင်းမှ တင်ပို့မှုမှာလည်း ဒီဇင်ဘာလဆန်းပိုင်းအထိ ပဲမျိုးစုံတန်ချိန် တိုးမြှင့်တင်ပို့နေပြီဖြစ်သည်။ မြန်မာ့ ပဲမျိုးစုံကို အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနှင့် စင်ကာပူတို့သို့ တင်ပို့လျက်ရှိပြီး အခြားပြည်ပဈေးကွက်အသစ်များသို့ပါ ချိတ်ဆက်တင်ပို့နိုင်ရေး စီစဉ်လျက်ရှိကြောင်းသိရသည်။

မြန်မာ့ပဲမျိုးစုံသည် ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်တွင် ရောင်းတမ်းဝင် မျက်နှာပန်းလှ နာမည်ရရှိပြီးဖြစ်ရာ ပဲလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအနေဖြင့် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် အရည်အသွေးကောင်း ပဲမျိုးများတိုးချဲ့စိုက်ပျိုးခြင်း၊ပဲသစ်များပေါ်မည့် ရာသီအမီ ဈေးကွက်အသစ်များသို့ ဖြန့်ကြက်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဝင်ငွေတိုး အကျိုးရှိမည် ဖြစ်ပါသည်။ ။

## သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၃/၂၀၀၈)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် မြောင်းမြမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြတ်ရွှေဝါခန်းမ၌ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းကာလမှာ ဒီဇင်ဘာ ၂၆ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး မြောင်းမြမြို့နယ်အတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်း

**မန္တလေး ဒီဇင်ဘာ ၂၃**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံ သင်တန်းအမှတ်စဉ် (၃/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူးဦးညွန့်တင် တက်ရောက်ပြီး သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား ထူးချွန်ဆုများချီးမြှင့်၍ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

အဆိုပါသင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်း သား၊သင်တန်းသူ စုစုပေါင်း ၄၀ တက်ရောက်ကြသည်။ (၄၆၉)




| | |
|---|---|
| **ပြည်သူ့ သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (ကုန်သည်/စက်မှု)

## ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်ပိုင်ရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာအသင်းများနှင့် ပြည်နယ်နှင့်တိုင်းများမှ ဆန်စပါးလုပ်ငန်းရှင်များ၊ ပြည်ပသို့ ဆန်တင်ပို့လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဆန်စပါးကျွမ်းကျင်သူများ တက်ရောက်ကြသည်။

**မှာကြား**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက ဆန်စပါး စိုက်ပျိုးထုတ်လုပ်တင်ပို့မှုပိုမိုတိုးတက်စေရေးအတွက် တောင်သူလယ်သမား၊ ကုန်သည်နှင့် ပြည်ပတင်ပို့သူတို့ ညီညွတ်စွာဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆန်စပါးနယ်ပယ်တွင် ပါဝင်သူအားလုံးက ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ဆန်စပါး ကျွမ်းကျင်သူ စာတမ်းရှင် ၁၀ဦးတို့က ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏သိလိုသည်များကို ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




## မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ

### အရှေ့တောင်အာရှလက်ဝှေ့အဖွဲ့ချုပ် အထွေထွေညီလာခံတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၁၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အရှေ့တောင်အာရှလက်ဝှေ့အဖွဲ့ချုပ် အထွေထွေညီလာခံ (၂၀၀၈) (South- East Asia Boxing Federation General Assembly -2008) သို့ တက်ရောက်ခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ အထွေထွေညီလာခံသို့ အရှေ့တောင်အာရှ လက်ဝှေ့အဖွဲ့ချုပ် အဖွဲ့ဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံတို့မှ ဥက္ကဋ္ဌ၊အတွင်းရေးမှူးနှင့် အမှုဆောင်များတက်ရောက်ကြသည်။

ယင်းအထွေထွေညီလာခံ၌ အရှေ့တောင်အာရှလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား အရှေ့တောင်အာရှလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကျောက်ပန်းတောင်းမြို့အထက(၂)(ယခင်စံပြကျောင်းဟောင်း)(၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ကွယ်လွန်သွားကြသောဆရာကြီး၊ဆရာမကြီးများအားရည်စူး၍လှူဒါန်းခြင်း၊၂၀၀၇-၂၀၀၈ခုနှစ်ပညာသင်နှစ်တွင် ဂုဏ်ထူးရှင်သုံးဦးတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း၊ နှစ်စဉ်အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ထာဝရငွေပဒေသာပင်များ လှူဒါန်းခြင်း၊ အထက(၂) ကျောင်းစာကြည့်တိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကိုဒီဇင်ဘာ၂၆ ရက်မွန်းလွဲ ၂ နာရီတွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကိုဌေးလွင် ဖုန်း- ၀၉-၅၁၅၅၆၁၃၊ကိုဆန်းဗိုလ် ဖုန်း-၀၉-၅၁၉၉၂၆၉၊ ဗိုလ်ကြီး သိန်းစိုးဦး(ငြိမ်း) ဖုန်း- ၀၉-၅၀၂၃၁၁၆၊ မသန်းသန်းဝင်းနှင့်ညီမများ ဖုန်း-၀၁-၂၄၈၀၂၀၊ ကိုဗိုလ်ကျော် (မေယုရွှေဆိုင်) ဖုန်း-၀၉-၅၁၄၈၄၅၁၊ ကိုဝင်းနိုင် ဖုန်း- ၀၆၁-၅၀၅၇၁၊ မအေးမြင့်သန်း (အထက-၂) ဖုန်း- ၀၆၁-၅၀၅၈၆ နှင့် ကိုဝင်းမော် (မန္တလေး)ဖုန်း-၀၉-၂၀၂၆၅၄၅တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပွင့်ဖြူမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

## ဝန်ကြီးဦးအောင်သောင်း မကွေးတိုင်းအတွင်း စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ၂၁ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပွင့်ဖြူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးအား စက်ရုံ ရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် စက်ရုံမှူးတို့က ကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် လေကာပင်ကြီးများ တစ်အုပ်တစ်မ စိုက်ပျိုးရန်၊ စက်ရုံပိုင် မြေလွတ်များတွင် ဝါတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင် (ပွင့်ဖြူ)၊ မကွေးမြို့ ဝင်းသူဇာအရောင်းဆိုင်နှင့် အချိုရည်စက်ရုံ(မကွေး)တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးမြို့ရှိ ဆပ်ပြာစက်ရုံ(မကွေး)ကို ကြည့်ရှုစစ်ဆေးပြီး တောင်တွင်းကြီး ဝါကြိတ်စက်ရုံသို့ ရောက်ရှိကာ ငွေချည်(၆)ဝါများ သိုလှောင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဒီဇင်ဘာ၂၂ရက် နံနက်ပိုင်းတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကျယ်ကျေးရွာအနီးရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ၊ မြင်းမွေးမြူရေး စခန်း (ရန်ပယ်)စီမံကိန်းနှင့် ပြောင်းဖူးထွက်ထုတ်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်) စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါစိုက်ကွင်းသို့ရောက်ရှိပြီး ငွေချည်(၆)ဝါများ စိုက်ပျိုးထားမှု၊ ဝါဆွတ်ခူးနေမှုများကိုကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း (ဗဟို) ရန်ပုံငွေရုပ်ရှင်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း(ဗဟို) ရန်ပုံငွေအဖြစ် လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာအိအိခိုင် ရိုက်ကူးသည့် "ငယ်သူမို့ မသိပါ" ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ အထူးပွဲပြသမည်ဖြစ်သည်။

ဆရာမ မစန္ဒာ၏ နာမည်ကြီး ဝတ္ထုကို ဒါရိုက်တာ အိအိခိုင် ဇာတ်ညွှန်းရေးကာ လူမင်း၊ ချစ်သုဝေ၊ ခရစ္စတီးနားနှင့် အနုပညာရှင်များစွာ ပါဝင်ထားသည်။ အဆိုပါ "ငယ်သူမို့ မသိပါ" ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလိုသူများအနေဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း(ဗဟို) ဖုန်း-၀၁-၃၈၅၂၇၃ သို့ လည်းကောင်း၊ သမ္မတရုပ်ရှင်ရုံ ဖုန်း-၀၁-၂၄၆၉၆၂၊ ၂၄၉၅၆၃၊ ၂၅၂၁၁၈ တို့ ထံတွင် ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း ဘီးလင်းမြို့နယ်ရှိ ရေဒီယယ် တာယာထုတ်လုပ်မှု စက်ရုံ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျိုးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျိုးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့လျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ-၃၀)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ပဋ္ဌာန်းဒေသနာ"တရားတော် (အရှင်နန္ဒောဘာသာဘိဝံသ)(ကျိုက်ထိုဆရာတော်) |
| ၇း၅၀ - ၁း၅၀ | Industrial Talk [ဦးငွေသိန်း၊ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)] |
| ၈း၁၀ - ၂း၁၀ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၈း၃၅ - ၂း၃၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်ငတ်ဒေဝီ ရိုက်ကွင်းအမှတ်တရ" |
| ၈း၅၅ - ၂း၅၅ | Activities In The City (မော်လမြိုင်စက်မှုလက်မှုသိပ္ပံအာစရိယပူဇော်ပွဲ) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | Midweek Sports News |
| ၉း၄၀ - ၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | သာယာရွှေပြည်တို့နေပြည် (ဖြိုးငွေစိုး၊အောင်ရဲလင်း၊မော့စ်၊ဗေလုဝ၊ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်) |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | Yangon Panorama (Asean Happy Drawings Project 2008) |
| ၁၀း၅၅ - ၄း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ - ၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | စပါးမှဆန်အသွင်ပြောင်းမြခရိုင်၏ဂုဏ်အင် |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | လှပသစ်ဆန်းအလှပြင်ခန်း (Smile-ကိုထိုက်) |
| ၁၂း၀၀ - ၆း၀၀ | Antioxdants & Your Health (အပိုင်း-၂) (ဒေါက်တာ ဝင်းထွန်း) |
| ၁၂း၃၀ - ၆း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ - ၆း၃၅ | Myanmar Video Rhythm |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### Suzuki Cup ဗိုလ်လုပွဲ(ပထမအကျော့)ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၃၀ | Thailand-Vietnam | STAR SPORTS (Live) |

## ပန်းတနော်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မဟာဝိဇယစေတီတော် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား/သမီးများသည် အမှတ်စာရင်း မိတ္တူနှင့်တကွ စာရင်းပေးသွင်းကြရန်နှင့် အသင်းဝင်များအားလုံး သင်းလုံးကျွတ် အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများသည် ဒီဇင်ဘာ ၂၄ရက် နောက်ဆုံးထား၍ နာယက ဦးကြူပွင့် ဖုန်း-၅၁၀၁၅၆၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၃၇၈၇၄၅၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၅၄၄၂၀၀နှင့် အတွင်းရေးမှူးဦးအောင်ဆန်းမြင့် ဖုန်း-၂၂၆၇၀၈တို့သို့အချိန်မီ စာရင်းပေးပို့ကြရန် ဖြစ်ကြောင်းနှင့် သင်းလုံးကျွတ်အစည်းအဝေးပွဲ အပြီးတွင် ပန်းတနော်မြို့သို့ ဆက်လက်သွားရောက်၍ ပန်းတနော်မြို့ရှိ အသင်းဝင်များ၏ သား၊ သမီးများဖြစ်သောဂုဏ်ထူးရ ကျောင်းသား၊သူများအား ပညာရည်ဆု ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)



## မွန်ပြည်နယ်အတွင်းရှိ စီမံကိန်းနှင့် စက်ရုံများ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ မရမ်းကုန်းရော်ဘာခြံသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ထို့နောက် ရေဒီယယ်တာယာ ထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက စက်ရုံတည်ဆောက်ပြီးစီးမှု၊ ရေရရှိရေး ဆောင်ရွက်မှု၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အဆောက်အအုံများကို သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီအောင် တည်ဆောက်ရန်၊ မိုးမကျမီ အမိုးအကာအဆင့် ရောက်ရှိရေးနှင့် ရည်မှန်းချက်ကာလအတွင်း ပြီးစီးရေး ဆောင်ရွက်ရန်တို့ကို မှာကြားပြီး စက်ရုံစီမံကိန်းဧရိယာအတွင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (သထုံ)သို့ ရောက်ရှိရာ စက်ရုံအထွေထွေမန်နေဂျာက စက်ရုံ၏ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှု၊ကုန်ကြမ်းပစ္စည်းများဝယ်ယူထားရှိမှု၊ငွေကြေးအခြေအနေနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးက မိမိစက်ရုံမှထုတ်လုပ်သော တာယာများ၏ အရည်အသွေးကောင်းမွန်ရေးနှင့် Cost Management ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၈ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) နံနက်၁၀နာရီတွင် အမှတ်(၂၄၉)သိမ်ဖြူလမ်းမင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ) ၌ ကျင်းပမည်ဖြစ်၍ ရန်ကုန်မှအသင်းဝင်ဆရာဝန်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

# နိုင်ငံတကာသတင်းများ

## ရုရှားက အီရန်သို့ အက်စ် ၃၀၀ ဒုံးလက်နက်များ ပေးပို့နေပြီဟုဆို

**တီဟီရန် ဒီဇင်ဘာ ၂၃**

အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများကို အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့က လေကြောင်းမှ တိုက်ခိုက်လာလျှင် တွန်းလှန်ခုခံနိုင်သော အက်စ်-၃၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ရုရှားနိုင်ငံက စတင် ပေးပို့ပြီးဖြစ်ကြောင်း အိုင်အာအန်အေသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

### ကိုးကားဖော်ပြ

နှစ်အနည်းငယ်ကြာ ဆွေးနွေးပြီးနောက် ယခုအခါ အက်စ်-၃၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အီရန်နိုင်ငံသို့ ပို့နေပြီဖြစ်ကြောင်း ပါလီမန်နိုင်ငံခြားရေးရာနှင့်အမျိုးသားလုံခြုံရေး ကော်မတီ၏ ဒုတိယအကြီးအကဲ အီးမေးလ်ကိုဆာရီ၏ပြောကြားချက်ကို အိုင်အာအန်အေက ကိုးကားဖော်ပြသည်။

မည်သည့်အချိန်က စတင်ပေးပို့သည်ကိုမူ ကိုဆာရီက ပြောကြားခြင်းမပြုပေ။ ရုရှားနိုင်ငံခြားရေး ဝန်ကြီးရုံးက ထိုကိစ္စအပေါ် သဘောထားဝေဖန်ချက်ပေးရန် ငြင်းဆိုသည်။

***အမ်အင်အေ၊ ရိုက်တာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ကယ်လ်ကွတ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးနေသော ဈေးဆိုင်များကို မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## လက်ဘနွန်တွင် ဖိုနီးရှန်းခေတ် ရှေးနှစ် ၂၉၀၀ က မြေအိုးဟောင်းများ တူးဖော်တွေ့ရှိ

**ဘေရွတ် ဒီဇင်ဘာ ၂၃**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းရှိ တစ်ချိန်က ရှေးဖိုနီးရှန်း လူမျိုးများ သွားလာရာဒေသဖြစ်ခဲ့သောကိုင်ရာမြို့ကမ်းခြေတွင် မြေကရား အိုးပေါင်း ၁၀၀ ကျော်ကို ရှာဖွေတွေ့ရှိကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

မျက်မှောက်ကာလဆီးရီးယားနိုင်ငံ၏ကမ်းခြေတည်ရှိရာဒေသတွင် ဖိုနီးရှန်းလူမျိုးများသည် ဘီစီ ၁၅၀၀ မှ ဘီစီ၃၀၀၀အကြားကာလများ၌ သွားလာ လှုပ်ရှားခဲ့ကြောင်း သမိုင်းက ဆိုထားသည်။

ကရားကြီးများသည် အလောင်းများ မြှုပ်နှံထားရှိရာ ဂူများဖြစ်ပြီး ကရားငယ်များသည် သေသူ၏ဝိညာဉ်ခိုအောင်းရာနေရာများ၏ သင်္ကေတများဖြစ်သည်ဟု ရှေးဟောင်းသမိုင်းသုတေသီ အလီဘာဒါဝီက ပြောကြားသည်။ ယခုမြေကရားအိုးများ တွေ့ရှိရာနေရာကို စပိန်နိုင်ငံ ဘာစီလိုနာမြို့မှ ပွမ်ပီဖာဗရာ တက္ကသိုလ်မှ ပညာရှင်များ သုတေသနပြုလေ့လာနေကြသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။ ထိုနေရာကို ရှေးဟောင်းသုတေသီများသည် ၁၉၉၇ ခုနှစ်ကတည်းကစ၍ တွေ့ရှိခဲ့သည်။

အဆိုပါ နေရာ၌ ရှာဖွေတွေ့ရှိရသောသမိုင်းဆိုင်ရာအထောက်အထားအချက်အလက်များသည် ဖိုနီးရှန်းကိုလိုနီများဖြစ်သောစပိန်၊အီတလီနှင့် တူနီးရှားဒေသများတွင် သွားလာခဲ့ကြသော လူမျိုးများ၏အလေ့အထကိုဖော်ထုတ်ယူရာ၌များစွာအထောက်အကူပြုမည်ဖြစ်သည်ဟု ပညာရှင်မာရီယာယူဂျင်းဦဘတ်က ပြောကြားသည်။

***အင်တာနက်။***



အီရတ်နိုင်ငံ အဂ္ဂဒက်မြို့တွင် စစ်ဘေးကြောင့် ဒုက္ခရောက်နေကြရရှာသော ပြည်သူအချို့အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်သူလျှိုနှစ်ဦး ပါကစ္စတန်တွင် အသတ်ခံရ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံမြောက်ဝါဇီရစ္စတန်ဒေသတွင် အမေရိကန်ပြည်ထောင်စုအတွက်သူလျှိုလုပ်ပေးသည်ဟု စွပ်စွဲခံရသော လူနှစ်ဦးကို စစ်သွေးကြွများဟု သံသယရှိသူ လက်နက်ကိုင်များကတနင်္ဂနွေနေ့တွင်သတ်ပစ်ခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများကဖော်ပြသည်။

အာဖဂန်နိုင်ငံသား ဇာမူဟန်မက်နှင့် နက်မူဟန်မက်တို့နှစ်ဦး၏ ရုပ်အလောင်းများကို တူးမြောင်းတစ်ခု၏ဘေးတွင်တွေ့ရှိရကြောင်း ပုဂ္ဂလိကသတင်းဌာန အန်အန်အိုင်က ဖော်ပြသည်။

၎င်းရုပ်အလောင်းများ၏အနီးတွင် ပထန်ဘာသာစကားဖြင့် ရေးထားသော စာရွက်တစ်ရွက်ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းစာ၏ အဓိပ္ပါယ်မှာ ယခုသေဆုံးသူများသည် အမေရိကန်ပြည်ထောင်စုအတွက် တာလီဘန်များအပေါ် သူလျှိုလုပ်ပေးကြသူများဖြစ်သည်ဟု ရေးသားထားသည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန် နစ္စတန်အစိုးရအတွက် သူလျှိုလုပ်ပေးကြသူတို့သည်ယခုကဲ့သို့သောကံကြမ္မာမျိုးနှင့် ကြုံတွေ့ကြရမည်ဟု သတိပေးထားကြောင်း အန်အန်အိုင်၏ သတင်း၌ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ နင်နီးဗားပြည်နယ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၃**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် တိုက်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်း မဟုတ်ဘဲ အခြားအကြောင်းကြောင့် သေဆုံးသွားရသည်ဟုအမေရိကန်တပ်ဖွဲ့က တနင်္ဂနွေနေ့တွင်ပြောကြားသည်။

ထိုအဖြစ်ကို အသေးစိတ်ပြောကြားခြင်းမရှိဘဲ အဆိုပါတပ်ဖွဲ့ဝင်သည် စနေနေ့က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။ သေဆုံးသူ၏ အမည်ကိုလည်း လူသိရှင်ကြားထုတ်ပြန်ခြင်း မပြုခဲ့ပေ။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတကာ သတင်းမှတ်စု

## ဩစတြေးလျ အိုးအိမ်မဲ့များအတွက် ဒေါ်လာ ၈၁၆ သန်း ထောက်ပံ့မည်

ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် ကီဗင်ရုဒ်က အိုးအိမ်မဲ့ပြဿနာကို ဖြေရှင်းရန် ရန်ပုံငွေ ဩစတြေးလျ ဒေါ်လာ ၁ဒသမ ၂ ဘီလီယံ (အမေရိကန် ဒေါ်လာ ၈၁၆ သန်း) ထောက်ပံ့မည်ဟု တနင်္ဂနွေနေ့တွင် အာမခံလိုက်ပြီး အိုးအိမ်အသစ်များ တည်ဆောက်ပေးသကဲ့သို့ စီးပွားရေးလုပ်ငန်းများ ဖန်တီးပေးမည့် အစီအစဉ်တစ်ရပ်ကိုလည်း ပြောကြားသည်။

ဩစတြေးလျနိုင်ငံတွင် အိုးအိမ်မဲ့ဦးရေ ၁၀၅၀၀၀ ခန့်ရှိကြောင်း အိုးအိမ်ဝန်ကြီး တန်ယာပလီဘာဆက်နှင့် ပူးတွဲကြေညာချက်တွင် ရုဒ်က ပြောကြားသည်။ ၂၀၂၀ ပြည့်နှစ်တွင် ၎င်းအရေအတွက် ထက်ဝက်ခန့် လျော့ကျသွားမည်ဟုဆိုသည်။

## တရုတ်ရထားလမ်းတိုးချဲ့ရေး ဒေါ်လာ ၇၃၀ ဒသမ ၆ ဘီလီယံသုံးမည်

တရုတ်နိုင်ငံတွင် လက်ရှိပြေးဆွဲနေသော ရထားလမ်းကွန်ရက်ကို ၂၀၂၀ပြည့်နှစ်မတိုင်မီ ကီလိုမီတာ ၄၁၀၀၀ (၂၅၄၈၀ မိုင်) တိုးချဲ့ရန်အတွက် ယွမ်ငွေ ၅ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၃၀ ဒသမ ၆ ဘီလီယံ) သုံးစွဲမည် ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းဌာနများက ဖော်ပြသည်။

ဆင်ဟွာသတင်းဌာနမှ နောက်ဆုံးထုတ် အောက်လွတ်ဂျာနယ်တွင် မီးရထားဒုတိယဝန်ကြီး လူဒေါင်ပူက ရထားလမ်းသစ်များသည် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးကြန့်ကြာမှုကို လျော့ပါးစေမှာဖြစ်ကြောင်းနှင့် အနည်းဆုံးအလုပ်အကိုင်ခြောက်သန်းခန့်ရရှိလာမှာဖြစ်ကြောင်း ပြောကြားသည်ဟု ဖော်ပြထားသည်။

## ဂါဇာသို့ အစားအစာနှင့်ဆေးဝါး အီဂျစ်ပို့မည်

ဟားမတ်စ်တို့ ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသသို့ စားသောက်ကုန်များနှင့် ဆေးဝါးများတင်ဆောင်ထားသော ထရပ်ကားငါးစီးကို စေလွှတ်မည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံမှ လခြမ်းနီအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ၎င်းအဖွဲ့ခေါင်းဆောင် မိုဟာမက်အိုရာဘီက ဂျုံတန် ၄၀၊ ဆန်တန် ၂၀ နှင့် ဆေးနှင့်ဆေးပစ္စည်းများကို ထရပ်ကားပေါ်၌ တင်ဆောင်ထားကြောင်းပြောကြားသည်။ အီဂျစ် အာဏာပိုင်များနှင့် အစ္စရေးတို့သည် အဆိုပါထရပ်ကားများအား တနင်္လာနေ့တွင် ခွင့်ပြုပေးရန် သဘောတူထားပြီးဖြစ်သည်ဟု အီဂျစ်အရာရှိ တစ်ဦးကပြောသည်။

## တရုတ်တွင် သတင်းအတွက် အင်တာနက်သုံးသူ သန်း ၂၀ ကျော်ရှိ

တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူများ၏ ၆၈ ဒသမ ၆ရာခိုင်နှုန်း သို့မဟုတ် တရုတ်လူဦးရေ သန်း ၂၀ ကျော်သည် သတင်းများ၏ အဓိကအရင်းအမြစ်ကိုသိရှိရန် ဝက်ဘ်ဆိုက်များကို အသုံးပြုကြသည်ဟု တရုတ်လူမှုရေးသိပ္ပံ တက္ကသိုလ်မှ အစီရင်ခံတင်ပြသည်။

ဇွန်လကုန်ဆုံးသော အချိန်တွင် တရုတ်နိုင်ငံ၌ အင်တာနက်အသုံးပြုသူ ၂၅၃ သန်းရှိပြီး ကမ္ဘာပေါ်တွင် အများဆုံး ဟုဆိုသည်။ နောက်ဆုံးထုတ် တရားဝင်ကိန်းဂဏန်းများအရ သန်း ၂၉၀ ရှိပြီဟုသိရသည်။ ၂၀၀၇ခုနှစ် အင်တာနက်အသုံးပြုသူအရေအတွက်ထက် သန်း ၈၀ ပိုလာခဲ့သည်ဟု တရုတ်အင်တာနက်သတင်း ဗဟိုဌာနက ဖော်ပြသည်။

## မက္ကဆီကိုတွင် ခေါင်းပြတ်အလောင်းကိုးလောင်း တွေ့ရ

မက္ကဆီကိုနိုင်ငံ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေစခန်းအကာပူလ်ကို အနီးရှိ ချီပန်စင်ဂိုမြို့တွင် ခေါင်းဖြတ်ထားသော အလောင်းကိုးလောင်းကို တနင်္ဂနွေနေ့က ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း၊ ယင်းတို့အထဲမှအချို့သည် အင်အားကောင်းသော မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့များနှင့် တိုက်ခိုက်နေသော တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ရိုက်တာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ထိုအလောင်းများတွင် နှိပ်စက်ညှဉ်းပန်းထားသော လက္ခဏာများ တွေ့ရပြီး အဝေးပြေးလမ်းမကြီးတစ်ခု၏ ဘေးတွင်စွန့်ပစ်ထားကြောင်း၊ ပလတ်စတစ်အိတ်တစ်လုံးတွင် ထည့်ထားသော ၎င်းတို့၏ခေါင်းများကို စတိုးဆိုင်တစ်ခု၏ အပြင်ဘက်တွင်တွေ့ရှိရကြောင်း ကာဒယ်ရွှန် ပြည်နယ်ရဲတပ်ဖွဲ့က ရိုက်တာသို့ ပြောကြားသည်။

## အိန္ဒိယတွင် ကြက်၊ ဘဲ ၂၂၀၀၀ ကျော် ရှင်းလင်း

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားတွင် အင်္ဂါနေ့မှစ၍ ကြက်ဘဲကောင်ရေ ၂၂၀၀၀ ကျော်ကို ရှင်းလင်းပြီးဖြစ်ကြောင်း အင်ဒိုအေးရှန်း သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ မောလ်ဒါခရိုင်တွင် စနေနေ့ညအထိ ကြက်နှင့်ဘဲ ကောင်ရေ ၂၂၅၀၀ခန့်ကို ရှင်းလင်းပြီးဖြစ်သည်ဟု အိန္ဒိယတိရစ္ဆာန်အရင်းအမြစ်များတိုးတက်ရေးဝန်ကြီး အနီဆာရက်ချ်မန်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**စုစည်းဘာသာပြန်ဆိုသူ - သန်းလွင်**

## နိုဝင်ဘာလတွင် ဂျပန်ကုန်သွယ်ရေးလိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁ ဘီလီယံရှိ

**တိုကျို ဒီဇင်ဘာ ၂၃**

ကမ္ဘာနှင့်တစ်ဝန်း ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ပွားနေချိန်တွင် ဂျပန်နိုင်ငံ၏ ပြည်ပကုန်သွယ်ရေး အခြေအနေသည်လည်း နိုဝင်ဘာလ နှင့်ဆိုလျှင် နှစ်လဆက်တိုက် လိုငွေဖြစ်ပေါ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်သည်။

ဖြစ်ပေါ်နေသော နိုင်ငံခြားကုန်သွယ်မှုလိုငွေမှာ ယန်းငွေ ၂၂၃ ဒသမ ၄ဘီလီယံ (သို့မဟုတ်) အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁ ဘီလီယံ အထိရှိကြောင်း သိရသည်။

**ဖော်ပြ**

ရှေ့ပြေးစာရင်းများအရမူ သွင်းကုန်သည် ၁၄ဒသမ၄ရာခိုင်နှုန်း ကျဆင်းသွားပြီး တင်သွင်းကုန်တန်ဖိုးသည် ယန်းငွေ ၅၅၅၀ ဒသမ ၀ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၀၇ဘီလီယံ ရှိသည်။ တစ်ချိန်တည်း၌ပင် ပို့ကုန်သည်လည်း ၂၆ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားပြီး ပို့ကုန်စုစုပေါင်း၏တန်ဖိုးသည် ယန်းငွေ ၅၃၂၆ ဒသမ ၆ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၅၃ ဘီလီယံရှိကြောင်း စာရင်းအင်းက ဖော်ပြသည်။

**အရှုံးပေါ်**

ဒေသအလိုက် ကုန်သွယ်မှုအခြေအနေကိုကြည့်လျှင် ဂျပန်နိုင်ငံသည် အမေရိကန်၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် ကုန်သွယ်ရာတွင် စီးပွားရေးအရ အသာရသော်လည်း အာရှနှင့် ကုန်သွယ်ရာတွင် အရှုံးပေါ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ပါကစ္စတန်နိုင်ငံ ကာကွယ်ရေးအတွက် အသင့်ရှိနေသည့် လေတပ်မှ လေယာဉ်နှစ်စင်းကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကြေးမုံ နိုင်ငံတကာသတင်းများ

The Mirror

## နိုင်ငံသည် စည်းလုံးညီညွတ်ပြီး ကာကွယ်စောင့်ရှောက်ရန် အသင့်ရှိနေကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြား

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံ တစ်နိုင်ငံလုံးသည် စည်းလုံးညီညွတ်ပြီး ရန်အပေါင်းအား ကာကွယ်ရန်အသင့်ရှိနေကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် နိုဝင်ဘာလအတွင်းက လူ ၁၇၀ကျော် သေဆုံးခဲ့ရသော အကြမ်းဖက်တိုက်ခိုက်မှုကြီး ဖြစ်ပွားခဲ့သည်။ ယင်းကိစ္စတွင်ပါဝင်သော အကြမ်းဖက်သမားများသည် ပါကစ္စတန်နိုင်ငံတွင် အခြေစိုက်သော စစ်သွေးကြွများ ဖြစ်သည်ဟု အိန္ဒိယတို့က စွပ်စွဲထားသည်။

ထိုသို့ စွပ်စွဲချက်များ ဖြစ်ပေါ်လာပြီး နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာချိန်တွင် ပါကစ္စတန်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ရပ်ဆိုင်း**

ယခုဖြစ်ပေါ်လာသော နှစ်နိုင်ငံတင်းမာမှုကြောင့် ထိုနှစ်နိုင်ငံအကြား လေးနှစ်ကြာ တွေ့ဆုံဆွေးနွေးနေသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာလည်း ရပ်ဆိုင်းသွားရသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် တာဝန်ရှိသည်နှင့်အညီ အရေးယူလုပ်ဆောင်ရန် တိုက်တွန်းကြောင်း၊ ထို့အပြင် မိမိတို့ အိန္ဒိယအနေဖြင့်လည်း လုပ်ဆောင်နိုင်ဖွယ်ရာ နည်းလမ်းအားလုံးကို ဖွင့်ထားကြောင်း အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပါရာနဗ်မူခါဂျီက တနင်္လာနေ့တွင် ပြောကြားသည်။ ***အင်တာနက်။***

## ပြတ်တောက်သွားသော ရေအောက်လိုင်းကြိုး ပြင်ဆင်ဆောင်ရွက်

**ပါရီ ဒီဇင်ဘာ ၂၃**

မြေထဲပင်လယ် ရေအောက်တွင် ပြတ်တောက်သွားသော ဆက်သွယ်ရေးကြိုးလိုင်းနှစ်လိုင်း ပြင်ဆင်ရေးလုပ်ငန်းများကို ပြင်သစ်ပညာရှင်များက ဒီဇင်ဘာ ၁၉ ရက် မှစတင်၍ ဆောင်ရွက်နေကြပြီဖြစ်သည်။

ထိုဆက်သွယ်ရေးကြိုးများ ပြတ်တောက်သွားသည့်အတွက် အရှေ့အလယ်ပိုင်းဒေသ အတော်များများရှိ အင်တာနက်နှင့် တယ်လီဖုန်းလိုင်းများ ထိခိုက်လျက်ရှိသည်။ ကြိုးများ ပြတ်တောက်သွားသည့် နေရာသည် စစ္စလီကျွန်းနှင့် တူနီးရှားနိုင်ငံတို့ အကြားတွင် ဖြစ်သည်။

ပြတ်တောက်ခဲ့ရသည့် ကြိုးလိုင်းနှစ်လိုင်း၏ အမည်မှာ (SEA-ME-WE4) နှင့် (SEA-ME-WE3)လိုင်းတို့ဖြစ်သည်။ ထိုဆက်သွယ်ရေးကြိုးနှစ်ကြိုးမှာ ကျောက်ဆူးနှင့်ငြိမိ၍ ပြတ်တောက်ရခြင်းဖြစ်မည်ဟု ယူဆထားသည်။ ပြင်ဆင်ရေးသင်္ဘော ရေမွန်းခရိုဇ်ပေါ်မှ ရေငုပ်စက်ရုပ်ကို ချပြီးစက်ရုပ်က ပြတ်တောက်နေသော ကြိုးနှစ်စကို ရှာဖွေကာ ရေပေါ်သို့ ယူဆောင်လာမည်ဖြစ်သည်။

သင်္ဘောပေါ်တွင် ထိုကြိုးစများကို ပြန်ဆက်ပြီးနောက် ရေအောက်သို့ နေသားတကျ ပြန်လည်ချပေးမည်ဖြစ်သည်။ ပြင်ဆင်ချိန်မှာ ရက်အတန်ကြာနိုင်ပြီး ထိုဆက်သွယ်ရေး ပြတ်တောက်မှုကြောင့် စီးပွားရေး ဆုံးရှုံးမှုများရှိနိုင်သည်ဟု ပညာရှင်များက သတိပေးထားသည်။ ***အင်တာနက်။***




မြေထဲပင်လယ်အောက်ရှိ ရေအောက်ဆက်သွယ်ရေးကြိုး တည်ရှိရာနေရာကို ဖော်ပြသည့်မြေပုံကြမ်း။

(ဓာတ်ပုံ-အင်တာနက်)

## အိန္ဒိယနိုင်ငံ ရာဂျာစတန်ပြည်နယ်တွင် ရေနံနှင့်ဓာတ်ငွေ့မြေအသစ်ကို ရှာဖွေတွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ၏ ကာရန်ရေနံ ရှာဖွေရေးလုပ်ငန်းသည် နိုင်ငံအနောက်ပိုင်း ရာဂျာစတန်ပြည်နယ် ဘာမာခရိုင်တွင် ရေနံနှင့် ဓာတ်ငွေ့မြေ အသစ်တစ်ခုကို ရှာဖွေတွေ့ရှိကြောင်း အင်ဒိုအေရှားသတင်းဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ဖော်ပြသည်။

ရေနံနှင့်ဓာတ်ငွေ့ နယ်မြေအသစ်သည် ရာဂျာစတန်ပြည်နယ်၏ မြို့တော် ဂျာပူရာမှ ကီလိုမီတာ ၄၈၀ အကွာတွင် တည်ရှိသည်။ ကာရန်ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ထိုရေနံမြေ၏ ရေနံနှင့်ဓာတ်ငွေ့သိုက်ပမာဏကို ခန့်မှန်းတွက်ချက်ရခြင်း မရှိသေးဟုဆိုသည်။ သို့သော် တူးဖော်ပြီးစီးသွားသော ရှေ့ပြေးရေနံတွင်းမှ တစ်ရက်လျှင် ရေနံစိမ်းစည် ၅၀၀နှင့် သဘာဝဓာတ်ငွေ့ ကုဗပေပေါင်း ၀ ဒသမ ၄သန်း ထွက်လျက်ရှိကြောင်း သိရသည်။

ရေနံမြေသစ်ကို ရှာဖွေတွေ့ရှိလိုက်သည့်အတွက် စွမ်းအင်လိုအပ်နေသော အိန္ဒိယအတွက် သတင်းကောင်းပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ခန့်မှန်းခြေအားဖြင့် နေ့စဉ် ရေနံစိမ်းစည် နှစ်သန်းကို ပြည်ပမှ တင်သွင်းနေရသည်။ ထိုတစ်နိုင်ငံလုံးသည် နေ့စဉ် ရေနံစိမ်းစည် ၇၀၀၀၀၀ ထုတ်လုပ်လျက်ရှိသည့်အနက် နေ့စဉ် ရေနံစိမ်းစည် ၅၀၀၀၀မှာ နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းရှိ ကာရန်ရေနံလုပ်ငန်း၏ ရဗ်ဗာရေနံမြေမှ ထုတ်လုပ်ပေးခြင်းဖြစ်သည်။ ကာရန်ရေနံလုပ်ငန်းသည် အိန္ဒိယနိုင်ငံအတွက် အရေးပါသော ရေနံနှင့်ဓာတ်ငွေ့ လုပ်ငန်းကုမ္ပဏီတစ်ခု ဖြစ်သည်။ ထိုကုမ္ပဏီသည် ၂၀၀၄ ခုနှစ်က ရာဂျာစတန်ပြည်နယ် မန်ဂလာဒေသတွင် ရေနံမြေအသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သေးသည်။ ***အင်တာနက်။***



ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှားရှိ အမေရိကန်သံရုံးသို့ မသင်္ကာဖွယ် အထုပ်ပေးပို့လိုက်သည်ကို စစ်ဆေးရန် လာရောက်သယ်ယူသူ နှစ်ဦးအား ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




**ဖီးယက်ကားကုမ္ပဏီသည် ကားအရောင်းများ ကျဆင်းလာပြီးနောက် လုပ်သားပေါင်း ၄၈၀၀၀ ကို အလုပ်မှ ရပ်ဆိုင်းခဲ့ရသည်။** [ဖီးယက်မော်တော်ကားတစ်စီးအား အရောင်းပြပွဲတစ်ခု၌ တွေ့ရစဉ်။]

(ဓာတ်ပုံ-အင်တာနက်)

## ဆိုက်ပရပ်စ်နိုင်ငံရှိ အမေရိကန်သံရုံး မသင်္ကာဖွယ်ရာအထုပ်တစ်ထုပ် လက်ခံရရှိ

**နီကိုးရှား ဒီဇင်ဘာ ၂၃**

ဆိုက်ပရပ်စ်နိုင်ငံတွင် ဖွင့်လှစ်ထားသော အမေရိကန်သံရုံးသို့ ဒီဇင်ဘာ ၂၂ ရက်က မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ် ရောက်ရှိလာသဖြင့် သက်ဆိုင်ရာအာဏာပိုင်များအား စစ်ဆေးပေးပါရန် သံရုံးက အကြောင်းကြားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ထိုမသင်္ကာဖွယ်ရာ အထုပ်ကို သယ်ယူရန် အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ထားသော အဖွဲ့တစ်ဖွဲ့ကို အာဏာပိုင်များက သံရုံးသို့ စေလွှတ်ခဲ့သည်။ ယင်းအထုပ်ကို သက်ဆိုင်ရာများက ဓာတ်ခွဲခန်းတွင် ဖွင့်ဖောက်စစ်ဆေးမည် ဖြစ်သည်။ ဆိုက်ပရပ်နိုင်ငံ နီကိုးရှားမြို့ အနောက်ပိုင်း၌ တည်ရှိသော အမေရိကန်သံရုံးကို အကာအကွယ်အဖြစ် ကွန်ကရစ်အကာအရံများဖြင့် ဖန်တီးတည်ဆောက်ထားသည်။

ဒီဇင်ဘာ ၈ ရက်မှ စတင်ကာ ကမ္ဘာအရပ်ရပ်ရှိ အမေရိကန်သံရုံး ၁၈ရုံးသို့ မသင်္ကာဖွယ်ရာ အဖြူရောင်အမှုန့်ပါသော စာအိတ်များ ရောက်ရှိလာခဲ့သည်။ ထိုအိတ်များအနက် အများစုမှာ အန္တရာယ်မရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး အချို့မှာ စစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

## တူရကီနိုင်ငံက တိုက်ခိုက်ရေး ရဟတ်ယာဉ် ၃၂ စင်း ရုရှားထံမှဝယ်ယူရန်စီစဉ်လျက်ရှိ

**အင်ကာရာ ဒီဇင်ဘာ ၂၃**

တူရကီနိုင်ငံသည် ရုရှားနိုင်ငံမှ တိုက်ခိုက်ရေးရဟတ်ယာဉ် အမ်အိုင်-၂၈ စင်းရေ ၃၂ စင်းကို အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ဖြင့် ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း ဒီဇင်ဘာ ၂၂ ရက်ထုတ် တူရကီနေ့စဉ်သတင်းစာက ဖော်ပြသည်။

မူလက တူရကီနိုင်ငံသည် အမေရိကန်နိုင်ငံထံမှ တစ်ပတ်ရစ် ကိုဘရာ အမျိုးအစား ရဟတ်ယာဉ်များကို ဝယ်ယူရန် အဆိုပြုခဲ့သော်လည်း အမေရိကန်က ရောင်းချရန် ငြင်းဆန်ခဲ့သည့်အတွက် ရုရှားရဟတ်ယာဉ်များကို ဝယ်ယူရန် စီစဉ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်တို့လက်ဝယ်တွင် တူရကီတို့ ဝယ်ယူလိုသော ရဟတ်ယာဉ် အမျိုးအစား အရန်သင့်မရှိဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ရောင်းချရန်မရှိကြောင်း အကြောင်းပြန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

# အလေးအနက်ထား ဖော်ဆောင်ကြရမည့် ၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ

ဒေါက်တာသန်းထွန်းအောင်
စီမံချက်မန်နေဂျာ
တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်

ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသန်းပေါင်းများစွာတို့ ကူးစက်ရောဂါများ ခံစားနေကြရပြီး ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားမှုကြောင့်လည်း ခြေလက်မသန်မစွမ်းဖြစ်ပြီး ဒုက္ခိတဘဝရောက်ခြင်းစတဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

မြန်မာနိုင်ငံတွင် ၁၉၇၈ ခုနှစ်မှစတင်၍ ကာကွယ်ဆေးဖြင့် ကာကွယ်ရသောရောဂါများကို ကာကွယ်ရန်အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပထမပိုင်းတွင် ရောဂါလေးမျိုး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် ကလေးတီဘီ)အတွက်သာ ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ပါတယ်။

၁၉၈၆-၈၇ ခုနှစ်က စတင်ပြီး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ပိုလီယိုအကြောသေရောဂါနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် တစ်နှစ်အောက်ကလေးငယ်များအတွက် အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေးကိုလည်းကောင်း ထပ်မံထည့်သွင်းပြီး ရောဂါခုနစ်မျိုးကို အစွမ်းထက်မြက်သော ကာကွယ်ဆေးများဖြင့် ကျေးရွာ၊ ရပ်ကွက်များအရောက် ကွင်းဆင်းထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တာကြောင့် မြန်မာနိုင်ငံအတွင်းရှိ ငါးနှစ်အောက် ကလေးသေဆုံးမှုများအနက် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ခဲ့ပါတယ်။

နှစ်စဉ် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွယ်နေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ အောက်ခြေအဆင့်အထိ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်မှုတို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နှစ်စဉ်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရောဂါဖြစ်ပွားသေဆုံးမှုကိုလည်း သိသိသာသာ လျှော့ချနိုင်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံကြီးမှာ ပိုလီယိုရောဂါကို ကမ္ဘာပေါ်မှ ကင်းစင်ပပျောက်အောင် ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်ချမှတ်ပြီး အနှစ် ၂၀ ခန့် ကြိုးပမ်းဆောင်ရွက်ခဲ့တာကြောင့် ၁၉၈၈ ခုနှစ်တွင် ပိုလီယိုရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၁၂၅ နိုင်ငံရှိသော်လည်း ၂၀၀၈ ခုနှစ်တွင် ပိုလီယိုဖြစ်ပွားသော နိုင်ငံလေးနိုင်ငံ (အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် နိုင်ဂျီးရီးယား)သာ ကျန်ရှိပါတော့တယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါခုနစ်မျိုးမှ ကင်းဝေးအောင် ဆောင်ရွက်ခဲ့ရာမှာ ပိုလီယိုအကြောသေရောဂါကို အရေးကြီးတဲ့ ဦးစားပေးရောဂါတစ်ခုအဖြစ် သတ်မှတ်ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံကြီးမှ ချမှတ်ခဲ့တဲ့ နိုင်ငံတကာက လိုက်နာကျင့်သုံးရမယ့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (International Health Regulation )ကို လက်တွေ့ အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရင်သွေးငယ်များ ပိုလီယိုကင်းစင်ရေးအတွက် ပုံမှန် ပိုလီယိုကာကွယ်ဆေးတိုက်လုပ်ငန်းတွေကို ဝေးလံခက်ခဲတဲ့ ကျေးလက်ဒေသတွေပါမကျန်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို အမျိုးသားကာကွယ်ဆေးတိုက်နေ့များကိုလည်း ၁၉၉၅ ခုနှစ်ကစပြီး ကိုးကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို လေးကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်နိုင်လို့လည်း ၂၀၀၀ ပြည့်နှစ်ကစပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နိုင်ငံလုံး ပိုလီယိုအရိုင်းပိုး ကူးစက်မှုမရှိဘဲ ကင်းစင်ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၇ ခုနှစ် မတ်လမှာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ အိမ်နီးချင်းနိုင်ငံမှ ပိုလီယိုအရိုင်းပိုး ကူးစက်ဝင်ရောက်ခဲ့တဲ့အတွက် ရခိုင်ပြည်နယ် မောင်တောမြို့မှာ ပိုလီယိုအရိုင်းပိုး ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အဲဒီပိုလီယိုအရိုင်းပိုးကူးစက်မှုကို လျင်မြန်ထိရောက်စွာ အချိန်မီ ထိန်းချုပ်နိုင်ခဲ့လို့ ယခုအချိန်ထိ နောက်ထပ် ပိုလီယိုအရိုင်းပိုး ကူးစက်မှုမရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အရှေ့တောင်အာရှဒေသတွင် ပိုလီယိုအရိုင်းပိုး ပြန်လည်ဝင်ရောက်ခဲ့သော နိုင်ငံလေးနိုင်ငံရှိရာ ၎င်းတို့မှာ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့ ဖြစ်ပါတယ်။

ငါးနှစ်အောက် ကလေးငယ်များအားလုံးကို ၂၀၀၇ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများမှာ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခြင်းဖြင့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ပါတယ်။ ပထမအကြိမ်တွင် လွှမ်းခြုံမှု ၉၈ ဒသမ ၁၃ရာခိုင်နှုန်း ရှိပြီး ဒုတိယအကြိမ်မှာ လွှမ်းခြုံမှုအားဖြင့် ၉၇ ဒသမ ၈၃ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို သုံးနှစ်ဆက်တိုက်ဆောင်ရွက်ရန် လိုအပ်သဖြင့် ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှာ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ထပ်မံကျင်းပရခြင်း ဖြစ်ပါတယ်။

## အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ဆောင်ရွက်ရသည့် အကြောင်းရင်း

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့များ၌ တိုက်ခတ်ခဲ့သော နာဂစ်လေမုန်တိုင်းကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ အချို့မြို့နယ်များမှာ ကျန်းမာရေးအခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝ မဆောင်ရွက်နိုင်ခဲ့ခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ပိုလီယိုအရိုင်းပိုးကူးစက်မှု ဆက်လက်ရှိနေခြင်း၊ ၂၀၀၇ ခုနှစ်တွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ တစ်နှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဆက်တိုက်ဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ခြင်း၊ အိမ်နီးချင်းနိုင်ငံများမှ ပိုလီယိုအရိုင်းပိုးများ ဝင်ရောက်ကူးစက်မလာစေရန်အတွက် ၂၀၀၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ တစ်နှစ်ဆက်လက်ဆောင်ရွက်ရန် စီစဉ်ရခြင်းဖြစ်ပါတယ်။

## ကာကွယ်တိုက်ဖျက်ရမည့် ပိုလီယိုအကြောသေရောဂါ

ပိုလီယိုအကြောသေရောဂါဟာ ပိုလီယိုဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်စေတဲ့ ခြေ၊ လက်စတဲ့ ကိုယ်အင်္ဂါကို အကြောသေစေသော ရောဂါတစ်မျိုးဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်မှာ အမျိုးအစားအမှတ်(၁)၊ (၂)နဲ့ (၃)မျိုးရှိပါတယ်။ ပိုလီယိုအကြောသေရောဂါ ပပျောက်ဖို့ဆိုရင် ဒီဗိုင်းရပ်စ်ပိုး သုံးမျိုးစလုံးကို ကမ္ဘာ့မြေပေါ်မှအပြီးတိုင် အမြစ်ပြုတ်အောင် တိုက်ဖျက်ပစ်ဖို့ လိုပါတယ်။ ပိုလီယိုရောဂါပိုးဟာ ရောဂါပိုးရှိသူရဲ့ မစင်မှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ ရောဂါပိုးရှိ လူနာ၏မစင်မှတစ်ဆင့် အစားအစာနှင့်ရေများသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် အခြားလူတစ်ယောက်တွင် ရောဂါဖြစ်ပွားကူးစက်စေပါတယ်။ လူတွင်သာ ရောဂါပိုးကူးစက်မှုရှိနိုင်ပြီး ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိနေသူများလည်း ရှိနိုင်ပါတယ်။

## တိုက်ဖျက်ရေး နည်းဗျူဟာများ

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပိုလီယိုအကြောသေရောဂါ တိုက်ဖျက်ရေးနည်းဗျူဟာ လေးရပ်မှာ-

- တစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးမှု အစီအစဉ်တွင် ပိုလီယိုကာကွယ်ဆေး အနည်းဆုံး သုံးကြိမ်တိုက်ကျွေးခြင်း၊
- အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း၊
- အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း
- လတ်တလောပျော့ခွေ အကြောသေရောဂါကို အထူးစောင့်ကြပ်ကြည့်ရှု၍ ပိုလီယိုအရိုင်းပိုး ကူးစက်မှု ရှိ မရှိစစ်ဆေးခြင်းတို့ ဖြစ်ပါတယ်။

## အမျိုးသားကာကွယ်ဆေးတိုက်နေ့များဆောင်ရွက်ခြင်းနည်းဗျူဟာ

၁။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဆောင်ရွက်ခြင်းကြောင့် တစ်နိုင်ငံလုံးတွင် ကူးစက်ပျံ့နှံ့နေသည့် ပိုလီယိုရောဂါပိုးကို တစ်ချိန်တည်း တစ်ရက်တည်းတွင် နှိမ်နင်းနိုင်ပါသည်။

၂။ ပိုလီယိုရောဂါကူးစက်မှု ဖြတ်တောက်စေရန်နှင့် တစ်နိုင်ငံလုံးရှိ ကလေးငယ်များ၏ ရောဂါခုခံအားရရှိပြီး ပိုလီယိုအကြောသေရောဂါကို လုံးဝကာကွယ်နိုင်ရန် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပရခြင်း ဖြစ်ပါတယ်။

၃။ နေရာဒေသအားလုံးမကျန်၊ ကလေးငယ်တစ်ယောက်မကျန် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန် လိုအပ်ပါတယ်။

၄။ ပိုလီယိုကာကွယ်ဆေးမတိုက်လိုက်ရဘဲ ကျန်ခဲ့သော ကလေးတစ်ယောက်ကြောင့် နိုင်ငံတွင်းသာမက တစ်ကမ္ဘာလုံးသို့ပါ ပိုလီယိုရောဂါ ကူးစက်နိုင်ပါတယ်။

## အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉) ကျင်းပမည့် နေ့ရက်များ

**(၂၀၀၉) ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ**

- ၂၀၀၉ ခုနှစ် ဇန်နဝါရီလ (၁၀)ရက် စနေနေ့ (ပထမအကြိမ်)
- ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ(၇)ရက် စနေနေ့ (ဒုတိယအကြိမ်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ ခုနှစ် ကျင်းပရေးလုပ်ငန်းစီမံချက်ကို အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်သွားမှာဖြစ်ပြီး **ပထမအဆင့်အနေဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၂ရက်နေ့** အထိလည်းကောင်း၊ **ဒုတိယအဆင့်အနေဖြင့် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ ၉ ရက်နေ့**အထိလည်းကောင်း မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်ရှိ မွေးကင်းစမှ ငါးနှစ်အောက်ကလေးပေါင်း ၇ ဒသမ ၂၃ သန်းအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန် ရည်မှန်းထားပြီး လွှမ်းခြုံမှုရာနှုန်းပြည့်ရရှိရန် ဆောင်ရွက်လျက်ရှိပါတယ်။ ပိုလီယိုကာကွယ်ဆေးများကို အရည်အသွေးကောင်းမွန်သော အအေးလမ်းကြောင်းစနစ်ဖြင့် ထိန်းသိမ်းသယ်ယူပြီး အရည်အသွေးပြည့်မီစွာ ဆေးတိုက်ကျွေးနိုင်ရေးအတွက် ပင်မကာကွယ်ဆေးတိုက်အဖွဲ့ပေါင်း ၁၆၀၀၀၊ ဆေးတိုက်မည့်သူပေါင်း ၈၀၀၀၀ နှင့် အရန်အားဖြည့်အဖွဲ့များဖြင့် တစ်အိမ်တက်ဆင်း ကာကွယ်ဆေးတိုက်ကျွေးခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရာတွင် နယ်စပ်ဒေသများ၊ ဝေးလံခေါင်ဖျားသော ကျေးရွာများမှ ကလေးများ၊ အထူးဒေသများမှ ကလေးများပါ မကျန်စေရန်အတွက် စီမံချက်အဆင့်ဆင့် ရေးဆွဲထားပြီး တစ်ချိန်တည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပထမနေ့တွင် သက်ဆိုင်ရာစုရပ်အသီးသီးမှာ ငါးနှစ်အောက်ကလေးများကို တိုက်ကျွေးမှာဖြစ်ပြီး ကျန်ကလေးများကို ဆေးတိုက်စုရပ်အဖွဲ့ဝင်များ၏ အကူအညီဖြင့် ဒုတိယနေ့နှင့် တတိယနေ့အထိ နှစ်ရက်ဆက်တိုက် အိမ်တိုင်ရာရောက် လိုက်လံရှာဖွေ တိုက်ကျွေးသွားမှာဖြစ်ပါတယ်။

## ၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် အထူးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

၁။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၃-၁-၂၀၀၉ ရက်တွင် ဆောင်ရွက်မည့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်းများနှင့် တစ်ပြိုင်တည်း ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များတွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း၊

၂။ ဝေးလံခက်ခဲပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း မဆောင်ရွက်နိုင်သည့် အထူးဒေသများရှိသော ၈၂ မြို့နယ်တွင် လျှပ်တစ်ပြက်ကာကွယ်ဆေးထိုးအစီအစဉ်နှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ပူးတွဲ၍ကျင်းပဆောင်ရွက်ခြင်း၊

၃။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ ၏ ဒုတိယအကြိမ်ဖြစ်သော ဖေဖော်ဝါရီလ ၇ ရက်မှ ၉ ရက်များတွင် ပိုလီယိုကာကွယ်ဆေးသာမက ဗီတာမင်(အေ)ဆေးလုံးများပါ တိုက်ကျွေးခြင်း၊

ဆက်လက်ပြီးတင်ပြလိုတာကတော့ မြန်မာနိုင်ငံမှာ ပိုလီယိုရောဂါ ပပျောက်ရေးရည်မှန်းချက် အောင်မြင်မှုပန်းတိုင်ကို ပြန်လည်ထိန်းသိမ်းရောက်ရှိဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးအသွင်ဖြင့် Whole Society Approach For National Cause အဖြစ် ဆောင်ရွက်မှသာ ရရှိနိုင်မှာဖြစ်ကြောင်း အသိပေးလိုပါတယ်။ မြန်မာနိုင်ငံရှိ ကလေးများအား ပိုလီယိုရောဂါဘေးမှ ကင်းဝေးစေရန်နှင့် ကာကွယ်ဆေးတိုက်ခြင်း ရာနှုန်းပြည့် လွှမ်းခြုံမှုရရှိစေရန် အထူးလိုအပ်သဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါတယ်။ ဝေးလံခက်ခဲတဲ့ ဒေသတွေအတွက် တပ်မတော်မှ ရဟတ်ယာဉ်များအကူအညီနဲ့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ထို့အတူ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့တွေဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ကလည်း ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

ပိုလီယိုရောဂါဟာ မဖြစ်ခင်ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပြီး ကြိုတင်ကာကွယ်ထားသင့်တဲ့ ရောဂါဖြစ်ပါတယ်။ ရောဂါကူးစက်ခံရပြီဆိုရင်တော့ ရင်သွေးငယ်တွေဟာ ငယ်စဉ်ကတည်းက ဒုက္ခိတဘဝရောက်သွားနိုင်တဲ့ ရောဂါမျိုးဖြစ်ပါတယ်။ နိုင်ငံတော်က မိမိရင်သွေးငယ်တွေ ကျန်းမာဖို့အတွက် တိုက်ကျွေးပေးမယ့် ပိုလီယိုကာကွယ်ဆေးကို ကလေးတိုင်း သောက်သုံးခွင့်ရရှိစေဖို့ ဆောင်ရွက်ပေးနေသလို နိုင်ငံတော်ရဲ့စေတနာကို တုံ့ပြန်သောအားဖြင့် မိဘပြည်သူများက မိမိတို့ရင်သွေးငယ် တစ်ယောက်မကျန် ပိုလီယိုကာကွယ်ဆေးတိုက် စုရပ်များသို့ ခေါ်ဆောင်သွားပြီး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြဖို့ အထူးတိုက်တွန်းလိုပါတယ်။

နိုင်ငံအတွက် အနာဂတ်ခေါင်းဆောင်များဖြစ်လာမယ့် ယနေ့လူငယ်၊ နောင်ဝယ်လူကြီးအဖြစ် တာဝန်ကို ပခုံးပြောင်းကြရမယ့် မျိုးဆက်သစ်လူငယ် ကလေးများရဲ့ ကျန်းမာကြံ့ခိုင်ရေးဟာ အဓိကကျတဲ့ ကဏ္ဍမှာပါဝင်တာမို့ မြန်မာ့ရင်သွေးငယ်များ ပိုလီယိုကင်းစင်သော သာယာလှပတဲ့အခြေအနေကို ရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# မိတ္ထီလာခရိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ဌေးဦး စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့နံနက် ၇နာရီတွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု တောမရွာသို့ ရောက်ရှိပြီး တောင်သူ ဦးမြင့်သိန်း၊ ဦးစိုးမောင်တို့၏ မြေအောက်ရေဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ငွေချည်(၆)မျိုး မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ခင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဝါတောင်သူများ ပိုမိုစီးပွားဖြစ်ထွန်းစေရန် အထွက်နှုန်းကောင်းသော ငွေချည်(၆)ဝါမျိုးသစ်များ ပြောင်းလဲပေးခြင်း၊ အမြင့်ဆုံး အထွက်နှုန်းရရှိစေရန် နည်းစနစ်များပံ့ပိုးပေးခြင်းတို့ကို ဝါစိုက်ဒေသအားလုံးတွင် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းက ဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာခရိုင်တွင်လည်း ဝါတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပင်ဖြစ်ထွန်းမှု အခြေအနေများအရ တစ်ဧကလျှင် ဝါပိဿာ ၁၁၀၀နှင့်အထက် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် မြာကျေးရွာအုပ်စု နတ်ကြီးရွာသစ်အနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြုပြင်လျက်ရှိသည့် ပေါက်ရိုးဆည်ကို စစ်ဆေးသည်။

အဆိုပါ ဆည်သည် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်း အထူးစီမံကိန်းဖြင့် ပြန်လည်ပြုပြင်နေသည့် ဆည်ငယ်၊ ကန်ငယ်များအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ဒေသအတွင်း စိုက်ပျိုးရေအပြင် ကျေးရွာ သောက်သုံးရေ ရရှိစေရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမည့် ဆည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မိတ္ထီလာမြို့နယ် တောမကျေးရွာ တောင်သူ ဦးမြင့်သိန်း၊ ဦးစိုးမောင်တို့၏ မြေအောက်ရေဖြင့် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသော ငွေချည်(၆)မျိုး မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## လမ်းလျှောက်ကြစို့

**✱ မြောက်ပြန်လေညင်း၊ ရှူရှူသွေး
နှင်းမှုန် ဖွဖွဖွေး။**

**✱ ရောင်နီနွေးနွေး လာတော့မည်
လင်းကြက်တွန်သံစည်၊
ငှက်ကျေးစုံညီ သံချိုညင်း
မင်္ဂလာနံနက်ခင်း။**

**✱ ပန်းမျိုးစုံသင်း သည်ချိန်ခါ
လမ်းလျှောက်ကြစို့လာ၊
ကျန်းမာခြင်းသည် လာဘ်တစ်ပါး
အသိပညာပွား။**

**✱ ကိုယ်လက်လှုပ်ရှား ဖွဲ့တိုင်ထူ
လေကောင်းလေသန့်ရှူ
ကျန်းမာရေးမူ ထိုအဆင့်
အချိန်မှန်မှန်ကျင့်။**

**✱ ဆိုးကျိုးဘေးသင့် ထိုရောဂါ
ကင်းပကိုယ်ခန္ဓာ၊
သက်ရှည်ကျန်းမာ စိတ်ချမ်းမြေ့
လမ်းလျှောက်ကြစို့လေ့။ ။**

**သောင်းကိုကို**

## အထက(၁၄) (ယခင်ဖားသားလဖုန်းကျောင်း) (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မန္တလေးမြို့ အထက (၁၄) (ယခင်ဖားသားလဖုန်းကျောင်း)၌ ၁၉၆၄ ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (စနေနေ့) ညနေ ၄နာရီမှ ည ၈နာရီအထိ မန္တလေးမြို့လမ်း ၁၀၊ ၈၂×၈၃လမ်းကြား ဖူကျင့်ကွမ်ရင်ဗုဒ္ဓဘာသာဘုရားကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက် ကန်တော့ခံပါရန်နှင့် ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြပါရန် နိုးဆော်ထားသည်။

**ဝယ်ယူလှူဒါန်းနိုင်**

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံ မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေနှင့် အမှတ်တရပစ္စည်းများ ဝယ်ယူလှူဒါန်းလိုပါက ရန်ကုန်မြို့ လူထု ဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၁-၂၂၃၅၉၉၊ ၀၉-၂၀၄၂၁၅၁၊ ဦးသက်ညွန့် ဖုန်း-၀၉-၂၀၀၁၂၁၈၊ ဦးမျိုးညွန့် ဖုန်း-၀၉-၉၀၅၆၂၀၅၊ ဦးချွန်စန်း ဖုန်း-၀၁-၃၈၆၈၉၁ မောရစ်တင်မောင်မောင်နှင့် မန္တလေးမြို့ ဦးချစ်ဆွေ ဖုန်း-၀၉-၂၀၃၅၀၈၅၊ ဦးနေဝင်း ဖုန်း-၀၉-၂၀၀၂၉၇၇၊ ၀၂-၃၉၃၉၆၊ ဦးစိန်ဝင်း ဖုန်း-၀၉-၉၉၂၇၃၉၅၊ ဦးဝင်းမြင့် ဖုန်း-၀၉-၂၀၀ ၅၂၉၅၊ ၀၂-၆၆၀၁၁၊ ဦးခင်မောင်သန်း ဖုန်း-၀၂-၆၀၉၈၅၊ ဦးတော်မီ ဖုန်း-၀၉-၂၀၂၀၆၄၀၊ ဦးဇော်ဝင်း ဖုန်း-၀၉-၆၉၇၁၉၃၁၊ ၀၂-၃၉၆၄၀၊ ဦးဝင်းမောင် ဖုန်း-၀၉-၂၀၀၄၇၉၈၊ ဦးလှမြင့် ဖုန်း-၀၂-၃၁၂၃၈ တို့သို့ ဆက်သွယ်လှူဒါန်း ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြင်းမူအထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြင်းမူအခြေခံပညာ အထက်တန်းကျောင်းသား၊ ကျောင်းသူဟောင်းများက ကြီးမှူး၍ ဒုတိယအကြိမ်မြောက် သက်ကြီးဆရာကြီး၊ ဆရာမကြီး ၉၂ဦးတို့အား ပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကန်တော့ခံဆရာများနှင့် လှူဒါန်းပူဇော်ကြမည့် ရပ်ဝေးတပည့်ဟောင်းများသည် ဦးလှိုင်ကျော်ဦး (ထွန်း-ပွဲရုံ၊ မြင်းမူမြို့) ဖုန်း-၀၇၁-၄၁၃၉၉၊ ဦးကျော်ဇ(မြင်းမူ-ပွဲရုံ၊ မန္တလေးမြို့) ဖုန်း-၀၂-၃၄၄၅၀ နှင့် ဦးဝင်းအောင် (ပြည့်ဝစားသောက်ဆိုင်၊ ရန်ကုန်မြို့) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ASEAN Schools Tour 2008 အစီအစဉ် ASEC Delegation မန္တလေးမြို့သို့ရောက်ရှိ၊ ကျောင်းသားလူငယ်များနှင့်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၃

**ASEAN Schools Tour 2008 အစီအစဉ်အရ Dr. Termsak Chalermpalamupap ဦးဆောင်သော ASEC Delegation အဖွဲ့သည် ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။**




**ASEAN Schools Tour 2008 ခရီးစဉ် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပစဉ်။** (သတင်းစဉ်)

ASEAN Schools Tour 2008 ခရီးစဉ်ဖွင့်ပွဲ အခမ်းအနားတွင် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ 'အောင်စေ ပိုင်စေ' တစ်ပင်တိုင်အကဖြင့် ဖျော်ဖြေပြီး အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်းမှ တိုင်းရင်းသား မောင်မယ်များက 'စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်'ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်သက်ဆွေက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ASEAN Community ဗီဒီယိုသရုပ်ပြ၍ ကျောင်းသား ကျောင်းသူများအား Pop Quizzes အစီအစဉ်ဖြင့် မေးမြန်းပြီး Delegation အဖွဲ့ခေါင်းဆောင် Dr. Termsak Chalermpalamupap က အမှာစကား ပြောကြားကာ ကျောင်းသား ကျောင်းသူများအား ASEAN Quiz အမေးအဖြေကဏ္ဍ ပြုလုပ်သည်။

ယင်းနောက် ASEAN ပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများက ရှင်းလင်းတင်ပြပြီး ASEAN Countries ဂုဏ်ပြုအစီအစဉ်ကို ဆက်လက်ကျင်းပရာ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ 'ထောင်ရောင်နေ' ကြိုးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေ၍ ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ASEAN Delegation အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဖျော်ဖြေရေးအဖွဲ့ ကျောင်းသား ကျောင်းသူများအား ASEAN Delegation အဖွဲ့ခေါင်းဆောင်က ပန်းခြင်းပေးအပ်ကာ ကျောင်းသား ကျောင်းသူများက မြန်နန္ဒာအကဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမက(၄၂) သာကေတ ၂၀၀၇- ၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မိ စတုတ္ထတန်းတွင် ပညာရည်ချွန်ဆုရရှိသူ မပင်မြင့်စံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
- ၈း၃၅ ၈။ International News.
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၄၀ ၄။ ဝန်းကျင်တစ်ခွင်ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး(အပိုင်း-၂)
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြုများ)(သင်္ချာ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅း၂၅ ၈။ သီချင်းကြီးပဒေသာ
- ၅း၃၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၄၀ ၁၀။ ဂီတသံစဉ်အလှဆင်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဆောင်
- ၆း၅၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၅။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၇း၄၀ ၁၆။ **"တလောကလုံးလင်းပါစေ" (ပြေတီဦး၊မိုးပြည့်ပြည့်မောင်၊ မေသဥ္စာဦး၊ဝါဝါအောင်၊ကော်ဖူးပွင့်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာရုပ်ရှင် "အချစ်အိမ်ကလေး" (လွင်မိုး၊နန္ဒာလှိုင်၊စိုးမိုးကြည်) (ဒါရိုက်တာ-ကြီးမြင့်)**
- ၂၁။ အစီအစဉ်ပြီး၏။

## ❁ ကာကွယ်ရေးမှ

ကြည့်ရှုစစ်ဆေးပြီး မြိတ်-ထားဝယ်ကားလမ်း ပုလောမြို့နယ် တိုကျေးရွာအနီး၌ ကတ္တရာလမ်းပေါက်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုလောမြို့နယ် ပုလောဘူတာ တည်ဆောက်ရန်နေရာ ရွေးချယ်ထားမှု၊ ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်း၏ တပ်ရင်းစိုက်ခင်းများနှင့် တပ်မိသားစုဝင်များ၏ ၁၀မျိုး ၁၀ပေါင် စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပလောက်မြို့နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကိုပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပလောက်မြို့ရှိ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၏ ရော်ဘာခြံစီမံကိန်းဧက ၁၅၀၀ စိုက်ခင်းနှင့် စစ်မှုထမ်းဟောင်း(အိမ်ရာမြေ)တို့ကို ကြည့်ရှုစစ်ဆေးပြီး မြိတ်-ထားဝယ် ကားလမ်းဘေး (ဝဲ/ယာ)ရှိ ရော်ဘာစိုက်ခင်းများနှင့် ဆီအုန်းစိုက်ခင်းများ၊ မြိတ်-ထားဝယ် ကားလမ်း မိုင်တိုင် အမှတ်(၅၂)နှင့်(၅၃)ကြားရှိ ဦးကင်းစိန်၏ ဧက ၆၀၀၀ ဆီအုန်းစိုက်ခင်း၌ ဆီအုန်းပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြိတ်မြို့နယ် မရမ်းပင်ချောင်းကျေးရွာရှိ ဦးအောင်လင်း၏ ဧက ၃၂၀ရော်ဘာစိုက်ခင်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ❂ ရွှေဖိုးမှ

၁၀၃ဒီဂရီဖာရင်ဟိုက် အနိမ့်ဆုံး ၄၆ဒီဂရီဖာရင်ဟိုက်ဖြစ်ကာ (၁၀) နှစ်အတွင်း ပျမ်းမျှ နှစ်စဉ်မိုးရွာရက် ၅၂ရက်နှင့် ပျမ်းမျှမိုးရေချိန် ၂၇ ဒသမ ၅ လက်မ ခန့်သာရှိကြောင်း ရေမြေသဘာဝ အခြေအနေကို ဆက်စပ်ရှင်းလင်းသည်။

ဦးကျော်မင်းသိန်း၏ရှင်းလင်းမှု ခေတ္တနားခိုက်တွင် ကြေးမုံသတင်းအဖွဲ့သည် နှစ်ဖာလုံခန့်အကွာရှိ ဗောဓိတစ်ထောင် - ကျောက္ကာ - ရွှေမြင်တင်တောင်ကြောတစ်ဆန့်ကို မျှော်ကြည့်မိခဲ့သည်။ အစိမ်းနှင့် အဝါရောယှက်ထားသလို ရှိနေသည့် သဘာဝတောနှင့် စိုက်ခင်းသစ်တို့အား ကွက်ကျားပုံဖော်ထားသလို မြင်ရသည်။

ကြေးမုံ သတင်းအဖွဲ့သည် စကားဝိုင်း ခေတ္တနားခိုက်တွင် သစ်တောဦးစီးဌာနမှ ပြုစုသည့် ဗောဓိတစ်ထောင် - ကျောက္ကာ - ရွှေမြင်တင်ကာကွယ်တော စိမ်းလန်းစိုပြည်ရေးစီမံချက် လက်ကမ်းစာတမ်းငယ်မှ မြေအသုံးချမှုအခန်းကိုဖတ်ရှုမိသည်။ ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင်ကာကွယ်တောသည် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်ဧရိယာများ ပါဝင်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၁၀-၂-၁၉၇၀ ရက်စွဲပါ စာအမှတ်-၂၀၁ လရ-၆၉(၄/၇၀)(၁)ဖြင့် ၂၈ စတုရန်းမိုင် ဧက ၁၇၉၂၀အဖြစ် ဖွဲ့စည်းခဲ့သည်။

အဆိုပါ ကာကွယ်တောအတွင်း သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှစိုက်ခင်းများ တည်ထောင်ခဲ့ခြင်း၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခဲ့ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ စိုက်ခင်းဧက ၅၇၅၀နှင့် သဘာဝတော ထိန်းသိမ်းပြီး ဧက ၆၇၅၀ရှိပြီး ကျေးရွာမြေ၊ ယာမြေ၊ သာသနာ့မြေများမှာ ၄၂၃၅ဧက ရှိ၍ ဧရိယာ ၁၁၈၅ဧကမှာ မတ်စောက်သောတောင်များမှာ ကျောက်သားထူထပ်ပြီး စိုက်ပျိုးမရသော မြေများသာဖြစ်သည်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ရသည်။



**ဗောဓိ တစ်ထောင် ဒေသ စိမ်းလန်းစိုပြည်ရေး အ တွက် ပန်း အ လှ နှင့် အရိပ်ရပင်များကို အစား ထိုး စိုက်နည်း၊ ကွန်တိုနည်းများဖြင့် စိုက် ပျိုးလျက် ရှိပါတယ်။**

*ဦးကျော်မင်းသိန်း (လ/ထညွှန်မှူး၊ စိမ်း/စို)မုံရွာ*

ဤကား ယခင်အခြေအနေကို ပြဆိုခြင်းသာဖြစ်သည်။ ယခုတွင်ကား ယင်းတောင်တန်းသည် ယခင့်ယခင်ထက် အစိမ်းများခဲ့ပြီဖြစ်သည်။ အဝါရောင် ဂရပ်မျဉ်းတို့ ကျဉ်း၍ ကျဉ်း၍လာခဲ့ပြီဖြစ်သည်။

သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု၊ မုံရွာမြို့နယ် အတွင်းမှ ဌာနပေါင်းစုံတို့၏ အားဖြည့်ပါဝင် လုပ်ဆောင်မှုတို့ဖြင့် ဗောဓိတစ်ထောင် - ကျောက္ကာ - ရွှေမြင်တင်တောင်ကြောရှိ ဗောဓိတစ်ထောင်နယ်မြေ ပိုမိုစိမ်းလန်းရေးအတွက် သုံးနှစ်စီမံချက်တစ်ရပ် ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းများအရှိန်ရခရီးပေါက်လျက်ရှိနေပြီ ဖြစ်သည်။

မုံရွာမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းက ပေါင်းစပ်ရှင်းလင်းရာတွင် ဗောဓိတစ်ထောင်နယ်မြေသည် မုံရွာမြို့မှ အရှေ့တောင်ဘက် ၁၂မိုင်အကွာ ဗောဓိတစ်ထောင် - ကျောက္ကာ - ရွှေမြင်တင် ကာကွယ်တောတွင် တည်ရှိကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် ဗောဓိတစ်ထောင်ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ဧရိယာ ဧက ၁၀၀၀ အား သတ်မှတ်ကာ ၂၀၀၇-၂၀၀၈ မှ ၂၀၀၉-၂၀၁၀ အထိ သုံးနှစ်စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံချက်တွင် ရည်ရွယ်ချက်ခုနစ်ရပ်ပါရှိကြောင်း၊ ယင်းတို့မှာ ဗောဓိတစ်ထောင် ပတ်ဝန်းကျင်နယ်မြေအား ဥယျာဉ်သဖွယ် တင့်တယ်လှပစေရန်နှင့် ဗောဓိတစ်ထောင်ဒေသ အမြဲတမ်းစိမ်းလန်းစိုပြည်လာစေရန်၊ ပြည်သူလူထုတို့ စိတ်ချမ်းမြေ့ ကြည်နူးစေရန်၊ သစ်တောသစ်ပင်များရှိခြင်းကြောင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရာသီဥတုမျှတလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပြီး ဒေသအတွင်းနေ ပြည်သူတို့၏ လူမှုစီးပွားရေး တိုးတက်မြင့်မားအောင် ဆောင်ရွက်ရန်၊ သဘာဝထိန်းသိမ်းရေး နယ်မြေသစ်များ ကွင်းဆင်းလေ့လာ ဖော်ထုတ်ပြီး စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်စီမံရန်နှင့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၌ အသိစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့်သစ်တောဦးစီးဌာနပိုင်ပျိုးခင်းများမှ ပန်းအလှပင်နှင့် အရိပ်ရပင်များကို ပျိုးထောင်၍ သတ်မှတ်ဧရိယာ ဧက ၁၀၀၀ အတွင်း၌ တမာ၊ မဲဇာလီ၊ သဘော်တည်၊ ဆီသပြေ၊ ခရေ၊ ငုရွှေ၊ ငုဆပ်၊ စွယ်တော်ပျိုးပင်များကို ကွက်လပ်ဖြည့်စနစ်၊ ကွန်တိုလိုင်းများဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ ထူးခြားချက်မှာ ငါးနှစ်သားအထက် အပင်ကြီးမျိုးများဖြစ်သည့် တမာ၊ စိန်ပန်း၊ ခရေပင်ပေါက်များကို တိုင်းအတွင်းရှိ ပျိုးဥယျာဉ်အသီးသီး၌ ပျိုးထောင်၍ တိုက်ရိုက်ရွှေ့ပြောင်း စိုက်ပျိုးခြင်းလုပ်ငန်းဖြစ်ကြောင်း၊ ကျောက်သားထူထပ်သည့် တောင်ကြောတစ်လျှောက်တွင် မြေဆီလွှာအစားထိုးနည်းဖြင့် ၃ပေ×၃ပေ တွင်းများတူးဖော်၍လည်း ခက်ခဲစွာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ပျိုးပင်များဆက်လက် ရှင်သန်ရေးအတွက် ရေရရှိရေးမှာ အရေးပါကြောင်း၊



**ယခုအခါမှာ ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင် ကာကွယ်တောကို ကြိုးဝိုင်းတော သတ်မှတ်ပြီးဖြစ်၍ သစ်တော ထိန်းသိမ်းမှုတွင် ပိုမို ထိရောက်မှုရှိလာ။**

*ဦးအောင်နိုင်ဝင်း မုံရွာမြို့နယ် သစ်တောဦးစီးအရာရှိ*

ဤဒေသရှိ ဗောဓိဆည်ငယ်မှရေကို တောင်ပေါ်ရှိ အုတ်ကန်များသို့ စက်များဖြင့် အဆင့်ဆင့် စုပ်တင်ကာ ပျိုးပင်များကို ရေအဆက်မပြတ်လောင်းပေးရကြောင်း၊ ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင် ကာကွယ်တောကို ယခုအခါ ကြိုးဝိုင်းတောအဖြစ် ပြင်ဆင်သတ်မှတ်ပြီးဖြစ်၍ သစ်တောထိန်းသိမ်းရေးအပိုင်းကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက ၂၀၀၇-၂၀၀၈ခုနှစ်ဗောဓိတစ်ထောင်နယ်မြေစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ပင်မနယ်မြေများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းအနေဖြင့် စိန်ပန်း၊ ငုရွှေ၊ ငုစပ်၊ မယ်ဇယ်၊ မဲဇလီ၊ အင်္ဂလိပ်မဲဇလီ၊ ပနားမားငုံ၊ ကုက္ကို၊ ပန်းတောက်၊ စွယ်တော်ပင် စုစုပေါင်း ၃၆၀၀၀၊ ကွန်တိုလိုင်းစိုက်ပျိုးခြင်းအနေဖြင့် ပနားမားငုံ၊ ညောင်၊ စိန်ပန်း၊ ပဲချယ်ရီ၊ စုစုပေါင်း ၁၈၀၊ ငါးနှစ်သားအထက် အပင်ကြီးဖြစ်သည့် တမာ၊ ကုက္ကို၊ စိန်ပန်း၊ မယ်ဇယ်၊ ဧကရာဇ်၊ ကိုင်းစိုက်အပင်များအဖြစ် တရုတ်စကားကိုင်း ၁၉၁၄ ကိုင်း၊ ရှားစောင်း ကျားလျှာပင် ၁၄၀၀ နှင့် ဗောဓိတစ်ထောင် ဆည်ရေဝေရေလဲနယ်မြေ၌ တမာ၊ ယူကလစ်၊ စိန်ပန်း၊ ကုက္ကို၊ စိန်ပန်းကြီး၊ မဲဇလီ၊ ငုရွှေဝါ၊ နာနတ်ရိုင်း၊ ပန်းမဲဇလီ အပင်ပေါင်း ၇၀၀၀၊ မြေနည်း-ဗောဓိလမ်း၌ နှစ်နှစ်သားနှင့် ငါးနှစ်သားအထက် ကုက္ကို၊ တမာ ၇၈၃ပင်၊ မုံရွေး-ဗောဓိလမ်းတွင် ဆီးနှင့် ဆီးဖြူပင် ၁၀၅၀၊ မဟော်ဂနီ ၁၂၀၊ စွယ်တော်၊ တမာ၊ မဲဇလီ ၁၃ ပင် စုစုပေါင်း အပင်ပေါင်း ၄၈၆၃၀ ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုအပြီးတွင် ပျိုးဥယျာဉ်များသို့လည်း ဝင်ရောက်လေ့လာခဲ့သည်။ ရက်သား၊ လသားမှသည် နှစ်သားအထိ အရိပ်ရပင်နှင့် ပန်းအလှပင်များစွာတို့ ပြုစုပျိုးထောင်မှုကို အစီအရီ တွေ့ရှိခဲ့ရသည်။ ပျိုးခင်းမှတစ်ဆင့် စိုက်ခင်းများရှိရာ ဗောဓိတစ်ထောင် နယ်မြေသို့ တက်ရောက်ကြည့်ရှုခဲ့သည်။ ကွန်တိုနည်း၊ ကွက်လပ်ဖြည့်နည်းတို့ဖြင့် တောင်ကြောတစ်လျှောက် စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ရေရရှိရေး ဆောင်ရွက်ထားသည့် လုပ်ငန်းခွင်အသွယ်သွယ်ကိုလည်းကောင်း အချိန်ယူ၍ လေ့လာခဲ့သည်။

ဗောဓိတစ်ထောင်-ကျောက္ကာ-ရွှေမြင်တင် တောင်ကြောကို အစိမ်းရောင်ခြယ်ရန် ကြိုးပမ်းမှုများသည် တစ်စုံတစ်ခုသော အတိုင်းတာအထိ ပေါက်ရောက်ခဲ့ပြီဖြစ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ မဝေးတော့သော အနာဂတ်တွင် အပူပိုင်းဒေသ၏ အိုအေစစ်တစ်ခုသဖွယ် ဖြစ်ထွန်းလာမည့် ဤနယ်မြေ၊ ဤဒေသသို့ အရောက်လှမ်းကာ အေးရိပ်ဆာယာသောတောအရေးထက်၌ ငှက်မျိုးစုံတို့၏ သာယာသီကြွေးသော သံချိုသံအေးတို့ကို နားခံကာ အပန်းဖြေနိုင်တော့မည်မှာ မလွဲပါ။



ဗောဓိတစ်ထောင် စိမ်းလန်းစိုပြည်ရေး ဧက ၁၀၀၀ စီမံချက်၏မြင်ကွင်းမှာ ယခင်ကထက် ဝေဆာစိမ်းလန်းလာခဲ့ပြီဖြစ်သည်။

# ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့၏ (၁၀၆)ကြိမ်မြောက် အမှုဆောင်အဖွဲ့အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၃

**မြန်မာနိုင်ငံဘဏ်များအသင်းနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁)စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အစည်းအဝေးခန်းမ၌ ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးတွဲကျင်းပသော (၁၀၆)ကြိမ်မြောက် အမှုဆောင်အဖွဲ့အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဘဏ်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အတွင်းရေးမှူး ဦးခင်မောင်အေးတို့က ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဘဏ်များကြီးကြပ်ရေး ကော်မတီဝင်များနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ဝင်များက ဘဏ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ Banking Network တည်ဆောက်ရန် အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**မြန်မာနိုင်ငံဘဏ်များအသင်းနာယက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ပူးတွဲကျင်းပသည့် (၁၀၆)ကြိမ်မြောက် အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

*** ကျောဖုံးမှ**

ကမ်းခြေပတ်ဝန်းကျင်နှင့် အနီးဝန်းကျင်ကျေးရွာများ၏ တိုးတက်မှုများကို နိုင်ငံတော်နှင့်အတူ ပူးပေါင်း၍ လမ်းခရီးသာယာ ဖြောင့်ဖြူးမှုအတွက် အစည်းအဝေးပြုလုပ်နေကြခြင်းဖြစ်သည်။ ဟိုတယ်လုပ်ငန်းရှင်များ အသင်းအနေဖြင့် မိမိပတ်ဝန်းကျင်ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော ကဏ္ဍများတွင်လည်း အားသွန်ခွန်စိုက် ဖြည့်ဆည်းပေးမှုကြောင့် ချောင်းသာကမ်းခြေ (ရွှေသောင်ယံကျေးရွာ)သည် ယခင်နှင့်မတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း လေ့လာတွေ့မြင်ခဲ့ရသည်။

အပြန်လမ်း တစ်လျှောက် ကမ်းခြေအတိုင်း သဘာဝအလှနှင့် ပင်လယ်၏ လေနုအေးကို ခံစားရင်း လျှောက်လှမ်းလာခဲ့ရာ ပြည်တွင်းမှဧည့်သည်များ ကမ်းခြေတစ်လျှောက် ရေကစားနေသည်ကို တွေ့မြင်ရသည်။ နိုင်ငံခြားဧည့်သည်များကိုလည်း သုံးလေးဦး ထပ်မံတွေ့မြင်ခဲ့ရသည့်အပြင် Golden Beach ဟိုတယ်ရှေ့တွင် နိုင်ငံခြားသားများကို အုပ်စုလိုက် တွေ့မြင်ခဲ့ရသည့်အတွက် သတင်းသမားပီပီ ဝင်ရောက်စပ်စုမိရာ သာပေါင်းပျော့ဖတ်စက်ရုံမှ လုပ်ငန်းပြီးဆုံး၍ မိမိနိုင်ငံသို့ မပြန်မီ လာရောက်အနားယူအပန်းဖြေနေသော တရုတ်လူမျိုး အင်ဂျင်နီယာအဖွဲ့ဖြစ်ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူက မိမိ၏အမည်မှာ မစ္စတာဟောသယ်မီ ဖြစ်ကြောင်း၊ တရုတ်လူမျိုးဖြစ်ပြီး ပေကျင်းမြို့တွင် နေထိုင်ကြောင်း၊ မိမိတို့အဖွဲ့တွင် အဖွဲ့ဝင် ၁၄ ဦး ပါရှိကြောင်း၊ မိမိတို့နိုင်ငံသို့ မပြန်မီ နောင်နှစ် နှစ်ဦးအတွက် ခွန်အားမွေးဖို့ ဒီချောင်းသာကမ်းခြေသို့ လာရောက် အပန်းဖြေ အနားယူနေကြောင်း ပြောပြသည်ကို သိခဲ့ရသည်။

ယခုလို လာရောက်လည်ပတ်ရာတွင် အဆင်ပြေပါသလားဟု မေးကြည့်ရာ "ဒီချောင်းသာကိုလာရတာ အလွန်ပဲ သဘောကျပါတယ်၊ ဒီလိုအလှ၊ ဒီလိုဖော်ရွေမှုနဲ့ ဧည့်ဝတ်ကျေပွန်မှုမျိုးကို ဒီမြန်မာ နိုင်ငံ



**တရုတ် အင်ဂျင်နီယာအဖွဲ့ ခေါင်းဆောင် မစ္စတာ ဟောသယ်မီ ကြေးမုံသတင်းအဖွဲ့အား အမှတ်တရ ရေးပေးစဉ်။**

တစ်ခုတည်းမှာပဲ တွေ့ခဲ့ရပါတယ်။ နောင်အခွင့်သာရင် မိသားစုနဲ့အတူ ပြန်လာပါဦးမယ်"ဟု ကြားသိခဲ့ရသည်မှာ မြန်မာတို့အဖို့ ဂုဏ်ယူစရာ တစ်ရပ်ပင် ဖြစ်ပါသည်။

ဆက်လက်၍ ချောင်းသာဦး ကမ်းခြေဟိုတယ်မန်နေဂျာ သူငယ်ချင်းကိုအေးသွင်က ချောင်းသာနှင့် အနီးဝန်းကျင်ဖြစ်သော သဲဖြူကျွန်းနှင့် ကျောက်မောင်နှမ ကျွန်းများသို့ လိုက်ပို့ပေးမှုကြောင့် အသွင်ဆန်းသော အမြင်သစ်များကိုလည်း ထပ်မံခံစား တွေ့မြင်ခဲ့ရသည်။

သဲဖြူကျွန်းကို ချောင်းသာကမ်းခြေမှ စက်လှေဖြင့်သွားပါက မိနစ် ၂၀ ခန့်သာ ကြာမြင့်ပြီး ဖြူလွှလွှသဲသောင်ပြင်၊ ကြည်လင်သော စိမ်းပြာပြာရေကြောင့် သာယာလွန်းလှသည်။ မိသားစုအလိုက် နားနားနေနေ သွား၍ အပန်းဖြေနိုင်ပေသည်။ ထိုမှတစ်ဆင့် ကျောက်မောင်နှမ ကမ်းခြေကို သွားရောက်နိုင်ပြီး လွမ်းစရာ ပုံပြင်လေးများကိုလည်း ကြားသိနိုင်သည်။ လောလောဆယ်အားဖြင့် မာလာမုန်တိုင်း ဒဏ်ကြောင့် နှမဖြစ်သောကျောက်ရုပ်မှာ အပေါ်ပိုင်းပဲ့ကျနေသည်ကို တွေ့မြင်ခဲ့ရသည့်အတွက် ပို၍လွမ်းစရာကောင်းလှပေတော့သည်။

ထိုမှတစ်ဆင့် ရွှေသောင်ယံ မြို့နယ်အဖြစ် သတ်မှတ်ထားသည့် ဖြစ်သည်။ Primary Forest မခုတ်မလှဲရသေးသော အပင်ကြီးများစွာနှင့် ရှားပါးတိရစ္ဆာန်များကိုလည်း ရွှေသောင်ယံသွားသည့် လမ်းခွဲလေး အတိုင်း ဝင်ရောက်လေ့လာနိုင်သေးကြောင်း သိခွင့်ရခဲ့သည်။

ထို့အပြင် အပြင်တောင်၊ အတွင်းတောင်၊ အလယ်တောင် ဟုဆိုသော သုံးပွင့်ဆိုင် ကျွန်းနေရာကလည်း မရောက်မဖြစ် အရောက်သွားသင့်သော အပန်းဖြေစရာ နေရာတစ်ခုဖြစ်သည်။ မြင်ရခဲသော ဇီဝဗိုးငှက်သိုက် များလည်းရှိရာ အလွန်မှသာယာပြီး လှပသော ခံစားမှုကိုပေးနိုင်မည့် နေရာကောင်းလေးတစ်ခုလည်း ဖြစ်ပေသည်။

ချောင်းသာသို့ သွားသူများအဖို့ ချောင်းသာကမ်းခြေ တစ်ခုတည်းသာမက တစ်ပါတည်း ငွေဆောင်သို့လည်း ဆိုင်ကယ်ဖြင့် သွားနိုင်ပေသည်။ လမ်းတွင် ချောင်းသုံးခုကိုဖြတ်ပြီး တောလမ်းအတိုင်း ရွာငယ်လေးများကို ဖြတ်ကျော် ကမ်းခြေအသစ်ကိုလည်း သွားရောက်အပန်းဖြေနိုင်ပြီး သဘာဝအတိုင်း ကရုကမာများကိုလည်း ပေါပေါများများ တွေ့မြင် လေ့လာရမည် သွားရသည်မှာ မြို့ပြ၌ မမြင်၊ မတွေ့၊ မခံစားရသော ခံစားမှုရသများကို ပေးနိုင်ကြောင်း ခိုင်ချောင်းသာ ဟိုတယ်မှ မန်နေဂျာ ဦးကျော်ဟိုးက ပြောပြ၍ သိခဲ့ရပေသည်။

ရွာအတွင်း၌လည်း စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ချောင်းသာ လက်ဆောင် သရက်တော ထိုးမုန့်ဆိုင်များနှင့် ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက် လက်ဆောင်ဆိုင်များကလည်း ဈေးသက်သက်သာသာဖြင့် ဝယ်ယူနိုင်ကြောင်း ဈေးစနည်းနာရင်း သိခဲ့ရသည်။

ယခုအခါ ပုသိမ်မှ ချောင်းသာကမ်းခြေ အပန်းဖြေစခန်းသို့ သွားသည့် လမ်းမှာလည်း အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူပြင်ဆင်မှုများကြောင့် ကားကြီးကားငယ်များဖြင့် အချိန်မရွေးသွားလာနိုင်မည်ဖြစ်ရာ နှစ်ဦးတွင် မိသားစုအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော် လည်းကောင်း သွားရောက်အပန်းဖြေရင်း ကမ်းခြေ၏ ပတ်ဝန်းကျင် သဘာဝအလှများကိုပါ တစ်ပါတည်း သွားရောက်လေ့လာသင့်ပါကြောင်း ခရီးလမ်းညွှန် လိုက်ရပါသည်။



**အစုအဖွဲ့အလိုက် လာသူများကလည်း ဤသို့ ပျော်ပျော်ပါးပါး ရေကစားနေကြစဉ်။**



**အမှတ်တရ ဓာတ်ပုံရိုက်၍ မြင်းအပျော်စီးနေကြသည့် တရုတ်အင်ဂျင်နီယာအဖွဲ့ကိုတွေ့ရစဉ်။**

# ကိုကို(စက်မှုတက္ကသိုလ်)၏ အွန်စောတို့ဌာနေ ကိုယ်တွေ့ကိုရီးယားခရီးသွားဆောင်းပါးများစာအုပ် ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကိုကို (စက်မှုတက္ကသိုလ်) ၏ အွန်စောတို့ဌာနေ အမည်ရှိ ကိုယ်တွေ့ ကိုရီးယားခရီးသွား ဆောင်းပါးများစာအုပ်ကို GENIUS စာပေတိုက်မှ ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။**(အောက်ပုံ)**




ယင်းစာအုပ်သည် ဖလားဝါးနယူးစ်ဂျာနယ်တွင် အခန်းဆက်အဖြစ် ဖော်ပြခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးသမိုင်းကြောင်းနောက်ခံတွင် ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များအကြောင်း ရေးခြစ် ခြယ်မှုန်းထားချက်များကို စုစည်း ထုတ်ဝေထားခြင်းဖြစ်ပြီး အထူးသဖြင့် ယင်းစာအုပ်တွင် ယခု 5 Series မှ ထုတ်လွှင့်ပြသနေသည့် 'အနှိုင်းမဲ့သစ္စာရှင်' ဇာတ်လမ်း၊ စစ်သူကြီး လီဆွန်ရှင်းအကြောင်း၊ မြဝတီရုပ်သံတွင် ထုတ်လွှင့်ပြသခဲ့သည့် 'နန်းတွင်းရတနာနှင့် ဆောင်းဦးရွက်ကြွေ ချစ်သက်သေ' ဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် MBC ရုပ်သံဌာနနှင့် ရိုက်ကွင်း ဆက်တင်နေရာများ အကြောင်း အပါအဝင် ရောင်စုံဓာတ်ပုံဝေဝေဆာဆာဖြင့် ထုတ်ဝေထားခြင်း ဖြစ်သည့်အတွက် တောင်ကိုရီးယား နိုင်ငံအကြောင်း လေ့လာသိရှိလိုသူများကို များစွာအထောက်အကူပြုစေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ယင်းစာအုပ်တွင် ဆရာကြီး မောင်ဆုရှင်၏ အမှာစာနှင့်အတူ ကိုကို (စက်မှုတက္ကသိုလ်) ခြယ်မှုန်းထားသည့် ဆောင်းပါးလက်ရာ ၃၃ ပုဒ်ပါဝင်ပြီး ယင်းကို မြန်မာတစ်ပြည်လုံးသို့ စာပေလောက လက်လီ လက်ကား အရောင်းဆိုင် အမှတ်(၂၂၅-၂၂၇) ပထမထပ် ပန်းဆိုးတန်း အထက်လမ်း (အနော်ရထာ မီးပွိုင့်အနီး) ကျောက်တံတားမြို့နယ် ဖုန်း-၃၈၇၄၇၅ က ဖြန့်ချိပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-6 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Pacific Sword ဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်ခန့်မှ ဖေဖော်ဝါရီ ၆ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာ တည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၁ မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် 2D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Pacific Sword ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လုပ်သားများကောလိပ် (ရူပဗေဒအဓိက) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

၁၉၇၂-၇၇ ခုနှစ် ပညာသင်နှစ် လုပ်သားများကောလိပ် ရူပဗေဒ အဓိက ကျောင်းသား၊ ကျောင်းသူများ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အခန်းအမှတ်(၁)၊ ၁၂ ထပ် အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်ရှိ MIEC. PMC Group ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူတိုင်း မပျက်မကွက် တက်ရောက် ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ကျင်းပမည့်နေ့ မတိုင်မီ ဦးကျော်သူ ဖုန်း - ၂၅၆၆၀၂၊ ၀၉ ၅၁ ၂၆၅၇၆၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ဦးခင်မောင်တင့် ဖုန်း - ၂၁၄၈၃၀၊ ဦးခင်စိုး ဖုန်း-၃၈၁၀၁၀၊ ဒေါ်ခင်နွဲ့ ဖုန်း-၅၃၇၀၁၉၊ ဒေါ်သန်းထွေး ဖုန်း-၀၉၅၁၄၆၇၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)





ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ရေး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၃

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ခန္တီးလေဆိပ်သို့ ရောက်ရှိကြပြီး လေယာဉ်ပြေးလမ်း တိုးချဲ့ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ခန္တီးလေယာဉ်ကွင်း၏ မူလ လေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၂၀၀၊ အကျယ်ပေ ၁၀၀ ဖြစ်ပြီး ကျောက်ရောမြေခင်း အမျိုးအစားဖြစ်သည်။ တိုးချဲ့ပြီးစီးသည့် လေယာဉ်ပြေးလမ်းမှာ အလျားပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀၊ ပြေးလမ်းထု ၂၄ဒသမ၅လက်မဖြစ်ပြီး ကျောက်ကတ္တရာခင်းပြေးလမ်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ဗိုလ်တေဇလမ်းရှိ နီလာဝင်း အထည်ချုပ်စက်ရုံ၌ ကျင်းပရာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အမှာစကားပြောကြားသည်။

ယင်းနောက် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ရဲအုပ်ဌေးဌေးထွန်းက "လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအကြောင်းသိကောင်းစရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ဌေးဌေးက "အမျိုးသမီးများဘဝလုံခြုံဖို့ အကြမ်းဖက်မှုမှ ကာကွယ်စို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်က "အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ပေးသည့် ပြဋ္ဌာန်းဥပဒေများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာဒေါ်အေးမြတ်လွင်က "စက်ရုံအလုပ်ရုံများနှင့် AIDS ရောဂါ ကာကွယ်တားဆီး တိုက်ဖျက်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဟောပြောပွဲအပြီးတွင် နီလာဝင်း အထည်ချုပ်စက်ရုံမှ ဒေါ်သူဇာဟန်က အဆိုပြုလွှာ ၂၀၀ ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က လက်ခံပြီး အမျိုးသမီးရေးရာ ဝတ်စုံ ၁၀ စုံနှင့် အသိပညာပေး လက်ကမ်းစာစောင်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲနှင့် အဆိုပြုလွှာ ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။**
(လူမှုဝန်ထမ်း)

## ငွေရတုသဘင်နှင့် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ဒေးဒရဲမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၏ နှစ်ထပ် ကျောင်းဆောင်သစ်၌ ကျင်းပမည် ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေ ပါဝင်လှူဒါန်းလိုပါက ဦးသိန်းလွင်(ရန်ကုန်) ဖုန်း- ၀၉-၈၅၉၁၅၉၇၊ ဒေါ်မြင့်မြင့်ခိုင်(ပြန်/ဆက်၊ ဒေးဒရဲ) ဖုန်း-၀၉-၈၅၉၁၉၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ လိုက်ပါကြမည့်သူများအတွက် မော်တော်ယာဉ်စီစဉ်ထားရာ ဒီဇင်ဘာ ၂၇ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ဒလမြို့မော်တော်ကားဝင်းမှ စတင်ထွက်ခွာမည်ဖြစ်၍ ဦးမျိုးဇော်ဦး ဖုန်း-၀၉-၈၅၉၁၀၁၃ ထံ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

## စမ်းချောင်းမြို့နယ်အတွင်း ရွှေဆွဲကြိုးလုယူထွက်ပြေးသူအား ရဲနှင့်ပြည်သူ ပူးပေါင်းဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်အတွင်း၌ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုး လုယူထွက်ပြေးသူအား ရန်ကုန် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များက ဒီဇင် ဘာ ၂၁ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၂၁ ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် ကြို့ပင်ကောက်မြို့နယ်နေ ဒေါ်ခင်ခင်ဝင်းသည်ဆေးကုသရန် ပြည်လမ်းအတိုင်း မဟာမြိုင်ဆေးခန်းသို့ လမ်းလျှောက်လာစဉ် လည်ပင်းတွင် ဆွဲထားသော အလေးချိန် တစ်ကျပ် ရှစ်ပဲသားခန့်ရှိ ငါးရိုးပုံရွှေဆွဲကြိုးတစ်ကုံး တန်ဖိုးငွေကျပ် ၇၅၀၀၀၀ အား အမျိုးသားတစ်ဦးကနောက်မှ ဆွဲဖြတ်ထွက်ပြေးသဖြင့် အော်ဟစ်အကူအညီတောင်းခံရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း၊ ရွှေဆွဲကြိုးလုယူထွက်ပြေးသူ အောင်အောင်(ခ)စိုးလင်း (၁၅၅)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေသူအား ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ပြစ်မှုကျူးလွန်သူ အောင်အောင်(ခ) စိုးလင်းအား စမ်းချောင်းရဲစခန်းမှ (ပ)၄၆၆/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၃၈၂ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယာဉ်စည်းကမ်းချိုးဖောက်သူများ စစ်ဆေးအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ကြီးကြပ်မှုဖြင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီမှ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ တပ်မတော်တပ်ထိန်းအဖွဲ့၊ ပြည်နယ်/မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၁ရက်တွင် မော်လမြိုင်မြို့ အောက်လမ်းမကြီးတစ်လျှောက်၊ အထက်လမ်းမကြီးတစ်လျှောက် အဝေးပြေး ကားဂိတ်ရှေ့၊ လမ်းဆုံ၊ လမ်းခွတို့၌ ယာဉ်မောင်းများ၊ ယာဉ်စည်းကမ်းလိုက်နာမှုရှိမရှိ စစ်ဆေးခြင်းနှင့် မော်တော်ဆိုင်ကယ်များ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ခြင်းရှိမရှိ စစ်ဆေးကြသည်။ **(အောက်ပုံ)** (၁၀၇)





## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ၆။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၄း၅၀ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၈။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၉။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၄၀ | ၁၀။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၅၀ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၅။ | ကာတွန်းအစီအစဉ် - လူစွမ်းကောင်းလေး လူဆာ |
| ၆း၄၅ | ၁၆။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၇။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သံယောဇဉ်နှောင်ကြိုး (အပိုင်း-၃၅)** |
| ၈း၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ဖြေလိုက်ပါ |
| | ၂၂။ | ICT သုတ |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှလုံးသားအလှသစ္စာတရား(အပိုင်း-၅)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

# (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ရက်တွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာ ဘောလုံးကွင်း၌ကျင်းပရာ သဃ်န်းကျွန်းကြီး စံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်ထွန်းက ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းပြိုင်ပွဲတွင် သဃ်န်းကျွန်းကြီး (ခ)၊ ကာယ၊ သစ်ဆိမ့်ကုန်း၊ သဃ်န်းကျွန်းကြီး(က)၊ မြရတနာ(က)၊ မြရတနာ (ခ)၊ ကျောင်းကြီးနှင့် သဃ်န်းကျွန်းကြီး(ဂ) စုစုပေါင်း ရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဖွင့်လှစ်

**(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် သဃ်န်းကျွန်းကြီး စံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ထွန်း ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)



# ဒီဇင်ဘာ လူထုအားကစားလ လမ်းလျှောက်ပွဲ မြိတ်မြို့၌ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာ လူထုအားကစားလ လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီက မြိတ်မြို့ မြို့မ အားကစားကွင်းရှေ့၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများ တက်ရောက်ကြသည်။

လမ်းလျှောက်ပွဲကို မြို့မအားကစား ကွင်းရှေ့မှ စတင်၍ ဗိုလ်ချုပ်လမ်း၊ နာရီစင်လမ်း၊ ကမ်းနားလမ်းမှ မြို့မ အားကစားကွင်းသို့ ပြန်လျှောက်လာကြပြီး အားကစားကွင်းအတွင်း လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဖာဘရီဂက်စ် သုံးလခန့် နားရမည်

**လန်ဒန် ဒီဇင်ဘာ ၂၃**

ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၁၈) လီဗာပူးနှင့်အိမ်ကွင်းတွင် တစ်ဂိုးစီသရေကျခဲ့သည့်ပွဲ၌ အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်မှာ လီဗာပူးမှ အလွန်ဆိုနှင့် ထိခိုက်မိ၍ ဒူးအရွတ် စုတ်ပြဲသွားသည့် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဒဏ်ရာကြောင့် ဖာဘရီဂက်စ်မှာ အနည်းဆုံးသုံးလခန့် နားရမည်ဖြစ်ကြောင်း ယနေ့ဆေးစစ်ချက်များ အပြီးတွင် သိရသည်။



**ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်အား လွဲချော်တော့မည့် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်။**

အလွန်ဆိုက "ဖာဘရီဂက်စ် ခုလိုဒဏ်ရာရရှိတာ မိမိအနေဖြင့် များစွာစိတ်မကောင်းဖြစ်မိကြောင်း၊ ဒဏ်ရာအမြန်ဆုံးသက်သာဖို့ မျှော်လင့်ကြောင်း၊ တစ်နိုင်ငံတည်းသား ကစားဖော်တွေဖြစ်တာကြောင့် ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အမြဲတမ်း ကောင်းမွန်ခဲ့ပြီး နောင်တွင်လည်း ဆက်လက်ကောင်းမွန်နေမှာ ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ဖာဘရီဂက်စ်မှာ ယခုရရှိသည့် ဒဏ်ရာကြောင့် ရိုးမားနှင့် ချန်ပီယံလိဂ်ပွဲအား နှစ်ကျော့စလုံး လွဲချော်ရတော့မည်ဖြစ်သည်။

## ဒီရာရာအား ရီးယဲလ် ဆေးစစ်မှု အောင်မြင်

ပြင်သစ်နှင့် ပို့စ်မောက် ကွင်းလယ်ကစားသမား ဒီရာရာသည် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်သို့ ပေါင်သန်း ၂၀ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီပြီးနောက် ဆေးစစ်မှုများပြုလုပ်ရာ အောင်မြင်ခဲ့သည်ဟု အင်တာနက်သတင်းအရ သိရသည်။ ရီးယဲလ်အသင်းသည် ၎င်းအား ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီဖွင့်သည်နှင့် လေးနှစ်သက်တမ်းစာချုပ် ချုပ်ဆိုတော့မည်ဖြစ်သည်။ ဒီရာရာသည် လက်ရှိကလပ် ပို့စ်မောက်သို့ မရောက်ခင် ချယ်လ်ဆီးနှင့် အာဆင်နယ်တို့တွင်လည်း ကစားခဲ့ဖူးသူဖြစ်သည်။ အပြောင်းအရွှေ့ရာသီ မဖွင့်မီပင် ရီးယဲလ်အသင်းသည် ခြေသွက်လက်သွက်ဖြင့် ကစားသမားများကို ခေါ်ယူလျက်ရှိရာ ရှေ့တန်းတိုက်စစ်မှူး နေရာအတွက် ဟန်တယ်လာကိုလည်း ခေါ်ယူပြီးဖြစ်သည်။



**ရီးယဲလ်မက်ဒရစ်နှင့် လေးနှစ်စာချုပ် ချုပ်ဆိုတော့မည့် ဒီရာရာ။**

## အင်တာနှင့် ချန်ပီယံလိဂ်ပွဲအား ဗီဒစ် လွဲချော်ဖွယ်ရှိ

မန်ယူဗဟိုခံစစ်မှူး ဗီဒစ်သည် ဂျပန်နိုင်ငံ၌ကျင်းပခဲ့သည့် ကမ္ဘာ့ကလပ် ချန်ပီယံဖလား ဗိုလ်လုပွဲတွင် ထိခဲ့သည့် အနီကတ်ပြစ်ဒဏ်ကြောင့် အင်တာမီလန်နှင့် ချန်ပီယံလိဂ်ပွဲအား လွဲချော်ဖွယ်ရာရှိနေသည်။ ဗီဒစ်မှာ တိုက်ရိုက် အနီကတ်ပြစ်ဒဏ်ကြောင့် နှစ်ပွဲပယ်ခံရမည်ဖြစ်သော်လည်း ဖီဖာက ယူအီးအက်ဖ်အေကို မည်သို့အစီရင်ခံမည်ကို စောင့်ကြည့်ရဦးမည် ဖြစ်သည်။ ကစားဖော် ဖာဒီနန်ကတော့"ကျွန်တော်တို့အသင်းအတွက် အရေးပါတဲ့ ခံစစ်မှူးတစ်ဦး ပွဲပယ်ခံရတာ အလွန်စိတ်ပျက်မိပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်မှာ အင်တာကို ရင်ဆိုင်ဖို့အတွက် လူငယ်ခံစစ်မှူး ဂျွန်နီအီဗန် ရှိနေပါသေးတယ်" ဟု ပြောကြားခဲ့သည်။

**ဝင်းတင် (ကြေးမုံ)**



**ယူအီးအက်ဖ်အေ၏ ဆုံးဖြတ်ချက်ကို စောင့်ရဦးမည့် မန်ယူ ခံစစ်မှူး ဗီဒစ်။**

# မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်တိုးလာနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၃



**ယနေ့နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၅ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၂၄ရက် ညနေထိ ခန့်မှန်းချက်။ ။** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။ ။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၁ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၂၂-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၅ဒသမ၅ ဒီဂရီစင်တီဂရိတ် (၆၀ ဒီဂရီဖာရင်ဟိုက်) ၂၃-၁၂-၂၀၀၈

၉း၃၀နာရီအချိန် စိုထိုင်းဆ ၆၀ရာခိုင်နှုန်း ၂၃-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ဒသမ ၉နာရီခန့် ၂၂-၁၂-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၃-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃၁လက်မ) | (၁၂၀ဒသမ၉၅လက်မ) | (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၁၂-၂၀၀၈ ရက် ၉း၃၀နာရီတွင် မြောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

'မြန်မာ့ဆက်သွယ်ရေး အမြန်လမ်းမ လက်လှည့်ဖုန်းခေတ်မှသည် Prepaid ကတ်စနစ်ဆီသို့အရွေ့' ICT နည်းပညာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို သုံးသပ်တင်ပြချက်များ၊ ဂျီအက်စ်အမ် Prepaid ကတ်များ အရေအတွက် အကန့်အသတ်မရှိ ဖြန့်ချိရောင်းချမည် သတင်းများပါ အချပ်ပိုစာမျက်နှာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၅၀)ထွက်ရှိလာသည်။

ယင်းအပြင် မြန်မာ့ပြောင်းဖူးစေ့တန်ချိန်နှစ်သိန်း တရုတ်သို့တင်ပို့မည်၊ ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် ထူးဖောင်ဒေးရှင်းက နှစ်ရှည်အငှားဖြင့် လွှဲပြောင်းယူပြီ၊ မြန်မာနိုင်ငံတွင် ပထမဆုံး Prepaid ကတ်စနစ်သုံး ဝိုင်ဖိုင်အင်တာနက်သတင်းဆက်သွယ်မှု လာမည့်နှစ်ဆန်းတွင် အသုံးပြုနိုင်တော့မည်၊ မြန်မာကျောင်းသူနှစ်ဦး ကိုရီးယားပညာသင်ဆုရရှိ၊ ပဲအသင်းစနစ်တကျပြန်လည်ဖွဲ့စည်းပြီး ပြည်ပဈေးကွက်ရှာဖွေတင်ပို့မည်၊ မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ ကုန်သွယ်ရာတွင် သွင်းကုန်ပမာဏထက် ပို့ကုန်တန်ဖိုး ပိုမိုရရှိ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မြို့တော်နှင့် ဘတ်စ်ကားများ" အကြောင်း၊ ကောလာဟလတွေကို လက်ခံမထားဘဲ အမြဲတမ်းစိတ်ရှင်းအောင်ထားတတ်တဲ့ သဇင်နှင့်တွေ့ဆုံခြင်း၊ ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

ဆိုမာလီ ပင်လယ်ဓားပြနှိမ်နင်းရေး နိုင်ငံတကာပါဝင်လုပ်ဆောင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးအကြိမ်ခွင့်ပြု၊ အီးယူပါလီမန်က ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အဆိုပြုချက်များ သဘောတူထောက်ခံ၊ ၂၀၀၈ခုနှစ်အတွင်း ကမ္ဘာတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်ကျရောက်မှုများ၊ အေပီသတင်းထောက်နှင့် ဓာတ်ပုံဆရာများ စီမံအုပ်ချုပ်သူ၏ ရပ်တည်ချက်ကို မကျေနပ်၍ သတင်းဆောင်းပါးများ မထုတ်ပေးဟုဆို၊ ချိုင်းမွေးရှည်ခြင်းကို နှေးကွေးစေသည့် ချွေးနံ့ပျောက်ဆေး မကြာမီဈေးကွက်တင် ရောင်းချမည်၊ "သမီး၏ ရောဂါဝေဒနာကို မကြည့်ရက်နိုင်တော့သဖြင့် သတ်လိုက်ခြင်းဖြစ်သည်ဟူသော သံသယဖြင့် မိခင်ကို ရဲက ဖမ်းဆီးစစ်ဆေး" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

# ဆီမီးခုံ(အထက) ရွှေရတုသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြင်းခြံမြို့နယ် ဆီမီးခုံ(အထက)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ဒီဇင်ဘာ ၂၆၊ ၂၇ရက်တွင် မြတ်ဆရာပူဇော်ပွဲကျင်းပခြင်း၊ မိတ်ဆုံစားပွဲကျင်းပခြင်း၊ စာပေဟောပြောပွဲကျင်းပခြင်း၊ အမှတ်တရပစ္စည်းများရောင်းချခြင်းနှင့် မဂ္ဂဇင်းထုတ်ဝေခြင်းစသည့် အစီအစဉ်များကို ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၀၅၇၂၅၊ ဗိုလ်မှူးစိုးမြင့်(ငြိမ်း) ဖုန်း-၀၉-၅၁၂၅၃၅၂၊ ဦးငွေမောင် ဖုန်း-၀၉-၅၁၈၆၄၄၀၊ ဦးကံချွန်-ဒေါ်ဝင့်ဝင့်ငွေ ဖုန်း-၆၈၁၄၁၀၊ ဦးအောင်မင်း ဖုန်း-၀၉-၅၁၃၃၆၅၀၊ ဦးအောင်ဆန်းဝင်း ဖုန်း-၀၉-၆၉၇၁၁၄၉၊ ဆရာသန်း၊ ဦးသောင်း၊ ဦးစိုးမြင့်(ဝါးထောင်) ဆီမီးခုံတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ချောင်းသာအပန်းဖြေစခန်း၏ ဟိုတယ်များကိုလည်း ဤသို့ သပ်သပ်ရပ်ရပ် တွေ့မြင်ခဲ့ရသည်။

# အပန်းဖြေစရာ ချောင်းသာကမ်းခြေနှင့် ဝန်းကျင်သဘာဝအလှများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - တင်ဝင်းလေး(ကြည့်မြင်တိုင်)

**မိသားစုများနှင့် ခရီးသွားများအတွက် ပင်ပန်းနွမ်းနယ်လာသမျှ ကုန်ခန်းသွားခဲ့သော စိတ်အင်အား၊ ခန္ဓာအင်အားတို့ကို ပြန်လည်ဖြည့်ဆည်းပေးရာနေရာတစ်ခုသည် အပန်းဖြေကမ်းခြေများဖြစ်သည်။**

သို့ဖြစ်ရာ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ်အတွင်းရှိ ချောင်းသာကမ်းခြေတွင် ချောင်းသာဇုန်သို့မဟုတ် ချောင်းသာကမ်းခြေ အပန်းဖြေစခန်း ဖွင့်လှစ်ထားရာ နေရာသို့ ပြည်တွင်းပြည်ပမှ ဧည့်သည်များ လာရောက်အနားယူ အပန်းဖြေကြသည်။

ပုသိမ်မြို့မှ ၃၄ မိုင် ၄ ဖာလုံကွာဝေးသော ချောင်းသာကမ်းခြေသည် အရှည်တစ်မိုင်ခွဲခန့်ရှည်လျားသော သဲသောင်စပ်စပ်၊ လှိုင်းတဖျပ်ဖျပ်ဝယ် အရိပ်ကောင်းကောင်း၊အုန်းပင်များကြား ပင်လယ်ကို မျက်နှာမူလျက် Max, Lai Lai, New Chaung Tha Ladge, Golden Beach, Grand, Belle, Diamond, Ambo, စည်းစိမ်၊ ခိုင်ချောင်းသာ၊ သီရိ၊ ရွှေဟင်္သာ၊ ချောင်းသာဦး၊ ဝတ်ရည် စသည့် ဟိုတယ်ကြီး ၁၄ လုံးအပြင် တည်းခိုခန်း ၃၀ ဖြင့် ဧည့်သည်ပေါင်း ၂၀၀၀ နီးပါး တစ်ပြိုင်တည်း တည်းခိုအပန်းဖြေရန် အသင့်တည်ဆောက်ထားသည်။

ဟိုတယ်အဆောက်အအုံများမှာ သန့်ရှင်းပြီး မြန်မာမှုနှင့် အနောက်တိုင်းဟန် ပေါင်းစပ်တည်ဆောက်ထားမှုကြောင့် ပြည်တွင်းမှ အပန်းဖြေသူများအဖို့ အမြင်ဆန်းစေပြီး နိုင်ငံခြား ဧည့်သည်များအတွက် အကြိုက်တွေ့စေမည့် ပြင်ဆင်မှုများဖြင့် ဆွဲဆောင်မှု အားကောင်းလှသည်ကို တွေ့ရသည်။

ဝန်ဆောင်မှု အပိုင်းတွင်လည်း ဟိုတယ်တိုင်းမှာ တစ်ခေါက်ရောက်ပြီးလျှင် နောက်တစ်ခေါက် ပြန်လာချင်စိတ်ပေါ်အောင် ဧည့်ဝတ်ကျေပွန်ကြသည်ကို ဧည့်သည်များထံမှ စုံစမ်းသိရှိရသည်။

ကမ်းခြေတစ်လျှောက် ဟိုတယ်များသို့ တစ်လုံးဝင်၊ တစ်လုံးထွက် လေ့လာရင်း Express ကားကြီးငါးစီးဖြင့် ဧည့်သည်များ တစ်ပြိုင်တည်းဝင်လာသော ဟိုတယ်တစ်ခုကိုတွေ့လိုက်ရသည့်အတွက် ဟိုတယ်၏ အမည်ကို ကြည့်လိုက်ရာ “ချောင်းသာဦးကမ်းခြေ” ဟိုတယ်ဖြစ်ကြောင်း သိလိုက်ရသည်။

ကြေးမုံသတင်း အဖွဲ့လည်း ဧည့်သည်များနှင့်အတူ ရောနှော၍ လိုက်ပါသွားခဲ့ရာ ဟိုတယ်ဝန်ထမ်းများနှင့်အတူ ဧည့်သည်များအား ကြိုဆိုနေသော နှစ်ပေါင်းများစွာက ကွဲကွာနေသည့် ကျောင်းသားဟောင်း သူငယ်ချင်း ကိုအေးသွင်အား ဟိုတယ်မန်နေဂျာအဖြစ် မြင်တွေ့လိုက်ရသည်။

နောက်နေ့နံနက်တွင် သူငယ်ချင်းဖြစ်သူက မိမိတို့သတင်းအဖွဲ့ တည်းခိုနေသော ဟိုတယ်သို့ လာရောက်ကြိုဆိုပြီး ဟိုတယ်မန်နေဂျာများ အစည်းအဝေးရှိရာ Lai Lai ဟိုတယ်သို့ ခေါ်ဆောင်၍ မိတ်ဆက်ပေးမှုကြောင့် ဟိုတယ်မန်နေဂျာအားလုံးနှင့် တွေ့ခွင့်ရခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညို့ချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

ကြေးမုံ The Mirror သဘာဝပတ်ဝန်းကျင် အင်တာနက်သတင်း



**ကျား မျိုးထိန်းသိမ်းရန် မလေးရှားအစိုးရက ကြိုးပမ်းလျက်ရှိသည်။**
(ဓာတ်ပုံ - အင်တာနက်)

## ကျားကောင်ရေ နှစ်ဆ မြှင့်တင်ရေး မလေးရှားအစိုးရ ကြိုးပမ်းမည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၃

မလေးရှားနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ကျားသတ္တဝါအရေအတွက်ကို နှစ်ဆမြှင့်တင်နိုင်ရန် အစိုးရက အစီအစဉ်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

လာမည့် ၁၂နှစ်တာကာလအတွင်း နိုင်ငံတွင်းရှိ ကျားကောင်ရေကို လက်ရှိကောင်ရေ ၅၀၀ ခန့်မှ ၁၀၀၀ ခန့်အထိ မြှင့်တင်ရန် အစိုးရက စီစဉ်လျက်ရှိသည်။

မလေးရှားနိုင်ငံတွင် ဥပဒေမဲ့ အမဲလိုက်သတ်ဖြတ်မှုများကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်ကာလအတွင်း ကျားကောင်ရေ သိသိသာသာ ကျဆင်းသွားခဲ့ရကြောင်း တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားသည်။

မုဆိုးများက ကျားသတ္တဝါကို ခိုးဝှက်သတ်ဖြတ်နိုင်ခြင်းမရှိစေရန်နှင့် ကျားများ ကျက်စားရာနယ်မြေ ပိုမိုကျယ်ပြန့်လာစေရန် လုံခြုံရေးစီမံချက်များ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

နိုင်ငံတော် ကျားမျိုးထိန်းသိမ်းရေး အစီအစဉ်သည် ကျားကောင်ရေပြန်လည်ဦးမော့လာစေရေးအတွက် အစိုးရ၏ ကြိုးပမ်းချက်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံတွင် ၁၉၇၀ ပြည့်လွန်နှစ်များမှ စတင်ကာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေများဖြင့် ကျားမျိုးထိန်းသိမ်းရန် ကြိုးပမ်းခဲ့လင့်ကစား ရိုးရာတိုင်းရင်းဆေးဝါး ထုတ်လုပ်နိုင်ရေးအတွက် ကျားများကို ခိုးဝှက်သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ကျားရိုင်းကောင်ရေ ၃၀၀၀ မှ ၅၀၀ အထိ ကျဆင်းခဲ့သည်ဟု ခန့်မှန်းရသည်။

မလေးရှားနိုင်ငံ၏ အပူပိုင်းသစ်တောများသည် မျိုးသုဉ်းမည့်အန္တရာယ်ရှိ သတ္တဝါများခိုလှုံရာ နေရာများဖြစ်သည်။ ***အင်တာနက်။***

## ယနေ့ ကြေးမုံ ပြည်တွင်း ပြည်ပ သတင်းများ အညွှန်း




**ပြိုက်ဆက်သွားသော ရေအောက်လိုင်းကြိုး**
(သတင်း)
စာမျက်နှာ- ၅



**ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့**
(သတင်း)
စာမျက်နှာ- ၁၀



**နိုင်ငံတကာ အားကစားသတင်း**
(သတင်း)
စာမျက်နှာ - ၁၁